# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဖိုဝင်္ဂါလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၇၀)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၄–၉–၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)



ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား

ဗလာဒီဗော့စတော့ စက်တင်ဘာ ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်နံနက်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၃

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေကျပ် ၉၆၀၁ ဒသမ ၂၆၈၂၇ သန်းဖြင့် ကုမ္ပဏီ ၁၄၈ ခုမှ ပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃ ရက်က စတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

စာမျက်နှာ ၄ သို့ ❖

## ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတား ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား-ပုဂံရထားလမ်းပိုင်း၊ ဝက္ကသေးနှင့် ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ ရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမှတ်(၃၄၃) ရန်ပယ်ချောင်းတံတားကို ပို့ဆောင်ရေးဝန်ကြီးဌာနက ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ✳



## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ကြက်သွန်နီ စိုက်ပျိုးခြင်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီအပါအဝင် စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းများ တိုးတက်ကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံများ ထွက်ရှိရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ကြက်သွန်နီကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပြီး ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

(၄၄၅)

## ငါးကြီးစာဖော်စပ် ထုတ်လုပ်ခြင်းနည်းပညာ လွှဲပြောင်းခြင်း အခမ်းအနား ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမတွင် ရေသတ္တဝါမွေးမြူရေးအတွက် ငါးကြီးစာ ဖော်စပ်ထုတ်လုပ်ခြင်းနည်းပညာ လွှဲပြောင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဦးစွာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ရေသတ္တဝါမွေးမြူရေးဓာတ်ခွဲခန်း တာဝန်ခံက ငါးကြီးစာဖော်စပ်ထုတ်လုပ်ခြင်းနည်းပညာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)ဒေါက်တာ အေးအေးခိုင်က အောင်စုံကုမ္ပဏီထံ နည်းပညာလွှဲပြောင်းခြင်းနှင့် သက်ဆိုင်သည့်မှတ်တမ်းများနှင့် ဂုဏ်ပြုလွှာပေးအပ်ခဲ့ရာ အောင်စုံကုမ္ပဏီမှ ဦးအောင်မိုးသန့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ သောကြာနေ့။
မန္တလေး

## လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်

တပ်မတော်အနေဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပ ပြုလုပ်ပေးနေခြင်းသည် လူငယ်မောင်မယ်များ၏ ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ်သည်။ ထို့အပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင် အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင်မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြုတေတစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေးခြင်းလည်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့် အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၅၃ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂၀ဦး၊ လူရည်ချွန်ဆုရရှိသူ ၂၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ရှစ်ဦးတို့အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားရာ၌ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို သင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Mobile Phone သုံးစွဲမှုနှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်းအသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုအရွယ်များကို လေ့လာကြည့်ပါက KG မတိုင်မီ အရွယ်အပါအဝင် အဆင့်မြင့်တက္ကသိုလ် ပညာသင်အရွယ်များအထိ ပါဝင်နေသည်ကို တွေ့မြင်နေရကြောင်း၊ လူမှုကွန်ရက်ပလက်ဖောင်းမျိုးစုံကတစ်ဆင့်သတင်းတု၊ သတင်းမှားများ ဖတ်မိပြီး စိတ်အလိုလိုက်ကာ လွဲမှားသည့် အယူအဆအမှားများကတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ၏ လောကနီတိဖွံ့ဖြိုးမှု၊ လူငယ်များ၏ စွမ်းရည်မြင့်မားရေးဆိုင်ရာ လေ့လာမှုအပိုင်းများတွင် စိတ်ပါဝင်စားမှုနှင့် လိုက်နာမှုများ တစ်စတစ်စလျော့ပါးလာသည့် အနာဂတ်အန္တရာယ်များကို တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏သား၊ သမီးများ ဆိုရှယ်မီဒီယာများသုံးစွဲခြင်းကို စည်းကမ်းတကျ စီမံကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည် ဖြစ်ကြောင်း၊ လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် ဘဝ၏စဉ်းစား တွေးခေါ်မှုများ၊ ဘဝ၏ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

လူသားတို့၏ ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ခြင်းကြောင့် စာဖတ်ခြင်းသည် တတ်မြောက်ထားသည့် အတန်းပညာများသာမက အသိပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်ရှုခြင်းဝါသနာကို မွေးမြူကြရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ရတနာ့ဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲ စက်တင်ဘာ ၄ ရက် စတင်ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စုရှိ အင်းဝမင်းကြီး စွာစော်ကဲ တည်ထားကိုးကွယ်တော်မူခဲ့သည့် သမိုင်းဝင်ရတနာ့ဂူ စေတီတော်မြတ်ကြီး၏ ရတနာ့ဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲကို ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း ရတနာ့ဂူဂေါပကအဖွဲ့ထံမှ သိရသည်။

ရတနာ့ဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲတွင် ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့ညဥ့် နတ်ညီလာခံပြုလုပ်ပြီး ပွဲတော်စတင်မည်ဖြစ်ကာ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ပုပ္ပားမယ်တော်ကြီး ချိုးရေတော်သုံး အခမ်းအနားကို နတ်နန်းရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဝါခေါင်လပြည့်ကျော် ၇ ရက်ညမှာ ညီလာခံပြီးတော့ ပွဲစမှာပါ။ ပုပ္ပားမယ်တော် ချိုးရေတော်သုံးတာက ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့ မွန်းတည့် ၁၂ နာရီ သတ်မှတ်ထားပါတယ်။ နတ်နန်းရှေ့မှာ ပြုလုပ်သွားမှာပါ" ဟု ရတနာ့ဂူဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပွဲတော်ကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့မှ စတင်၍ ကျင်းပလေ့ရှိပြီး ၇ ရက်နေ့တွင် နတ်ညီလာခံ၊ ၈ ရက်နှင့် ၉ ရက်တို့တွင် တက်ပွဲနှင့် ချော့ပွဲများ၊ ၁၀ ရက်နေ့တွင် ချိုးရေတော်သုံးအခမ်းအနား၊ ၁၁ ရက်မှ ၁၃ ရက်အထိ တက်ပွဲများနှင့် ၁၄ ရက်တွင် ထိန်ခုတ်ပွဲနှင့် မယ်တော်ကြီးပြန်ပို့ပွဲများကို အစဉ်အလာအတိုင်း ကျင်းပလေ့ရှိကြောင်း သိရသည်။

ထို့ပြင် သမိုင်းဝင်ရတနာ့ဂူမြတ်စွာဘုရားပွဲတော်အဖြစ် ဝါခေါင်လကွယ်နေ့ နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းလောင်းလှူခြင်းများလည်း ပြုလုပ်လေ့ရှိသည်။

ယခင်က ရတနာ့ဂူဘုရားပွဲတော် ကျင်းပသည့်ကာလသည် ဧရာဝတီမြစ်ရေ မြင့်တက်သည့်အချိန်နှင့် တိုက်ဆိုင်လေ့ရှိသဖြင့် ရတနာ့ဂူစေတီတော်ရှေ့ရှိ မြစ်နှင့်ဆက်စပ်ရေဝင်ရောက်သည့် ရတနာ့ဂူရွှေကြူချောင်းအတွင်း ရေဝင်ရောက်လေ့ရှိသည်။

ထိုကာလများတွင် ပွဲတော်လာရောက်သူများသည် ရွှေကြူချောင်းမှတစ်ဆင့် ငှက်လှေများစီး၍ ဘုရားပွဲတော်သို့ လာရောက်လေ့ရှိကြပြီး ပုပ္ပားမယ်တော်ကြီး ချိုးရေတော်သုံးအခမ်းအနားကိုလည်းချောင်းအတွင်း ဖောင်များဖြင့် ကျင်းပလေ့ရှိကြောင်း သိရသည်။

**ရွှေမန်း**

## ဘတ်စကက်ဘောအားကစား ပိုမိုတိုးတက်လာရေးနှင့် လူငယ်ကစားသမားသစ်များ ပေါ်ထွက်လာရေးပြိုင်ပွဲများ ကျင်းပသွားမည်

**မန္တလေး စက်တင်ဘာ ၃**

မြန်မာနိုင်ငံ၏ ဘတ်စကက်ဘောကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် အထက်မြန်မာပြည်အပါအဝင် တစ်နိုင်ငံလုံးတွင် လူငယ်အားကစားသမားသစ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောကြားသည်။

အဖွဲ့ချုပ်အနေဖြင့် ထူးချွန်သည့် ဘတ်စကက်ဘော ကစားသမားကောင်းများ စနစ်တကျ ထွက်ပေါ်လာရေးအတွက် ရည်ရွယ်၍ အားပေးကူညီမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် U-16 ပြိုင်ပွဲများအပြင် နောင်တွင် U-12 အသက်အရွယ်မှစတင်ကာ ယှဉ်ပြိုင်နိုင်ရေး စီစဉ်လျက်ရှိပြီး မကြာမီအချိန်အတွင်း ရန်ကုန်မြို့၌ U-12 ဘတ်စကက်ဘောပြိုင်ပွဲတစ်ခုကို ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ဘတ်စကက်ဘော အားကစားသည် စည်းမျဉ်းနှင့် ဥပဒေပိုင်းဆိုင်ရာများ ပြည့်နှက်များပြားသည့်အတွက် U-12 အသက်အရွယ်မှ စတင်ကစားစေခြင်းဖြင့် ကစားနည်း စနစ်ပိုင်းဆိုင်ရာများကို ပိုမိုနားလည်သဘောပေါက်လာမည်ဖြစ်သည်။ အခြေခံစနစ်မှစ၍ လေ့ကျင့်ပေးနိုင်မှသာ U-16 အဆင့်တွင် အမျိုးသားအဆင့် လက်ရွေးစင်ဖြစ်လာနိုင်ပြီး နိုင်ငံတကာအဆင့်ထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အဖွဲ့ချုပ်အနေဖြင့် မြန်မာတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဘတ်စကက်ဘော ပြိုင်ပွဲများကို အရှိန်အဟုန်မပျက် ဆက်လက်ကျင်းပသွားမည့် အစီအစဉ်များ ရေးဆွဲထားကြောင်း သိရသည်။

လက်ရှိတွင်လည်း အထက်မြန်မာပြည်ရှိ လူငယ်များပါဝင်သည့် မန္တလေးပြိုင်ပွဲ၌ အမျိုးသား ၁၄ သင်းနှင့် အမျိုးသမီး ငါးသင်းတို့အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ထိုက်တန်စွာ ဆုချီးမြှင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် moderator အဖြစ် RBC TV Channel မှ ကီရီးလ်တာကာရက်ဗ်က ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ပရာဘိုဝိုဆူဘီ ယန်တို၊ မွန်ဂိုလီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အူချရယ် ညမ်းအိုဆာရ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရှွယ်ရှန်နှင့် ဒုတိယသမ္မတ ဦးညိုစောတို့က မိန့်ခွန်းပြောကြားကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ သံတမန်များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းဆက်သွယ်မှုများကို မြှင့်တင်ပေးပြီး မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေရန် အရေးပါကြောင်း။

ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်တို့၏ မကြာသေးမီက တွေ့ဆုံမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

> ❋ Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure **တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါ**
>
> ❋ **မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် ဆောင်ရွက်နေ**

Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများ အသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာတွင်ရှိပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံ ဈေးကွက်များအကြား ချိတ်ဆက်ပေးနိုင်သည့် ကုန်းတွင်းတံတားသဖွယ် အရေးပါကြောင်း၊ အာဆီယံ၊ လန်ချန်း-မဲခေါင်နှင့် BIMSTEC အဖွဲ့များတွင် ပါဝင်ခြင်းတို့ကြောင့် ဒေသတွင်းကုန်သွယ်ရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက် အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အချက်အချာနေရာတွင် မြန်မာနိုင်ငံတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ်အသုံးချရန်နှင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် အပြန်အလှန်ဆက်ဆံမှုများ ပိုမိုခိုင်မာစေရုံသာမက နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်အားပေးထောက်ခံမှုများနှင့် ခိုင်မာရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များအားလုံးနှင့် ပိုမိုချိတ်ဆက်၍ ခိုင်မာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေး

ဗလာဒီဗော့စတော့ စက်တင်ဘာ ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပလျက်ရှိသည့် (၁၁)ကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်၌ ကျင်းပသည့် “The Business Environment of the Future : Global Experience and New Solutions” ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။



### ဆွေးနွေး

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ VEB.RF ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအဖွဲ့မှ မဟာဗျူဟာဌာနအကြီးအကဲ Mr. Mikhail Khomich က ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရုံး၏ ကျွမ်းကျင်ပညာရှင်များဌာန ဒုတိယအကြီးအကဲ၊ ရုရှားနိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM မှ ညွှန်ကြားရေးမှူး၊ Sberbank ၏ အမှုဆောင်ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာဗျူဟာမြောက်ဦးဆောင်မှုအေဂျင်စီ (ASI) မှ ညွှန်ကြားရေးမှူး၊ ကိုရီးယား-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် ထိုင်း-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး ရုရှားအရှေ့ဖျားဒေသအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံကောင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများ ပြဋ္ဌာန်းထားပြီး ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနေမှု၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေရှည်တည်တံ့သော ခိုင်မာသည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဆောင်ရွက်ထားရှိမှုနှင့် MSMEs လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်(SEZ) စီမံကိန်းများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၃

ဝန်ကြီးဌာနအဖွဲ့အစည်းများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရေး၊ ပြည်သူလူထုအတွင်း ပိုက်ကျော်ခြင်းအားကစားနည်းကို တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်ပြန့်ပွားလာစေရေး၊ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးတင်ဦးလွင်၊ ဦးသန်းမောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်းများမှ အားကစားသမား မောင်/မယ်များအနေဖြင့် မိမိတို့ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် ဝန်ကြီးဌာနအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစနှင့် အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းကို အင်အားဖြည့်တင်းပေးနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်ပြီး ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ကျေးရွာအုပ်စု (၂၆)အုပ်စု ထုတ်ချေးပြီးစီး

**ကံမ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက ကျောက်မဲကျေးရွာအုပ်စုမှ တောင်သူများအား ထုတ်ပေးခဲ့ပြီး စုစုပေါင်းကျေးရွာအုပ်စု ၂၆ အုပ်စု ထုတ်ချေးပြီးစီးပြီဖြစ်သည်။

ထိုသို့ထုတ်ပေးရာတွင် မိုးစပါး စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် အဆိုပါ ကျောက်မဲကျေးရွာအုပ်စုမှ တောင်သူ ၁၁၀ ဦးတို့၏ မိုးစပါး စိုက်ဧက ၂၅၃ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၇၅၉ သိန်းအား ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင်တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

❖ အကြမ်းဖက်မှု

ထိုပြင် ပြုပြင်ရန်ကျန်ရှိသည့် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် အဆောက်အအုံ ၅၀ နှင့် အလုံးစုံ ပျက်စီးသည့် အဆောက်အအုံ ၇၂ ခုတို့အား သက်ဆိုင်ရာဌာန အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ တွေ့ဆုံညှိနှိုင်း အစည်းအဝေးမှ သိရသည်။

**ကြည့်ရှုစစ်ဆေး**



အစည်းအဝေး အပြီးတွင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် အတူ ဖလမ်းခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖလမ်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး အဆောက်အအုံ ပြန်လည်ပြုပြင်နေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အပျက်အစီးများရှင်းလင်းပြီးစီးမှု၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှု၊ ခရိုင်လမ်းဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ပြည် - ပုဂံမှ

အဆိုပါ ရန်ပယ်ချောင်းကူး ရထားလမ်းတံတား၏ နိမ့်ကျနေသော ရေလယ်တိုင်အမှတ် (၂) နှင့်(၃) တို့ကို Rerailing Equipment (စက်ဂျိုင့်)များနှင့် မတင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း ရေများစီးဆင်းမှုမရှိစေရေး ရေကာတန်းများပြုလုပ်၍ ရေလမ်းကြောင်းပြောင်းကာ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပျဉ်းမနား-တောင်တွင်းကြီးမှတစ်ဆင့် ပုဂံသို့သွားလာနေရသဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်၊ စက်တင်ဘာလနောက်ဆုံးအပတ်တွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရန်၊ တံတားနှင့်အတူ တံတားပေါ်တွင် သံလမ်းခင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးတို့ကို ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါတံတားသည် ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရေလယ်တိုင်နိမ့်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**စဥ့်ကိုင် စက်တင်ဘာ ၃**

'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ထန်းတောကျေးရွာအုပ်စု၊ ထန်းတောကျေးရွာ သာရအလင်းရောင် ဘုန်းတော်ကြီးကျောင်းမွေ့ရုံ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က မိတ်ဆက်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက 'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက Moderator အဖြစ် ဆောင်ရွက်ကာ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် အပြန်အလှန် မိတ်ဆက်ခဲ့ပြီး မိမိတို့ ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များမေးမြန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

အနာဂတ်ဘဝ
လုံခြုံစိတ်ချစေဖို့
အမှိုက်လျှော့ချ ကြပါစို့။




လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မွေးကင်းစမှ အသက်(၁)နှစ်ခွဲအရွယ် ကလေးသူငယ်များကို ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံခြင်း ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၌ မွေးကင်းစမှ အသက် (၁)နှစ်ခွဲအရွယ် ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း အစီအစဉ်ကို ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ယနေ့ နံနက် ၉ နာရီက သံလျက်မော်အနောက်ရပ်ကွက်၊ ပေါ်တော်မူဘုရား ငါးဆူတွင် ဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် မွေးကင်းစမှ အသက် (၁)နှစ်ခွဲအရွယ် ကလေးသူငယ်များအား အသက်အရွယ်အလိုက် ပိုင်းခြား၍ ဘီစီဂျီ၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ ဘီကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးနှင့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော(ရိုတာ)ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးပြီး ကလေးသူငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်ဒေသန္တရကျန်းမာရေးဌာနခွဲဝန်ထမ်းများက အပတ်စဉ်ကြာသပတေးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောင်ဇော်မင်း)**

၀-၀-၀-၀-၀

၀-၀-၀

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၃**

နီပေါနိုင်ငံတွင် ဩဂုတ် ၂၆ ရက်၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ် (၁၆) ရှိ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## တစ်ချက်တည်းကျင်းဝင်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယနေ့ မွန်းတည့် ၁၂ နာရီက ဦးမြင့်သူသည် ကျင်းအမှတ်(၁၄)တွင် အကွာအဝေး ၁၅၂ ကိုက်၌ ဂေါက်တံအမျိုးအစား WILSON IRON-6၊ ဂေါက်သီးအမျိုးအစား TitLeist - 4ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးဖိုးတုတ်၊ ဦးဇေကိုဝင်း၊ ဦးဆန်းဝင်းအောင်တို့ဖြင့် ကစားခဲ့သည်။ တစ်ချက် တည်း ကျင်းဝင်ခဲ့သော ဦးမြင့်သူအား SWEETY HOME ကုမ္ပဏီမှ ဆုငွေကျပ်ငါးသိန်းတန် ကူပွန်၊ Myanmar Casual Wear ကုမ္ပဏီမှ လက်ဆောင်ဆု၊ Eitai လျှပ်စစ်လုပ်ငန်းကုမ္ပဏီမှ ဆုငွေကျပ်ငါးသိန်း၊ MMIII SOLAR And Electronic MARTကုမ္ပဏီမှ ဆုငွေကျပ်ငါးသိန်းဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

၀-၀-၀-၀-၀

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊



သုခမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် သာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် တပ်မတော် စစ်သမိုင်းပြတိုက် နေပြည်တော်သို့ သွားရောက်လေ့လာကြသည်။ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများနှင့် ပြင်ပပြကွက်များကို လေ့လာကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြခန်းပြကွက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီအား မော်ကွန်းတင် ကမ္ပည်းရေးထိုးထားရှိသည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေး အစဉ်တစိုက် အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ တတ်စွမ်းထားသည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များဖြင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲနှင့်ဗဟိုအဆင့်ပြိုင်ပွဲများတွင် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အတွေးအခေါ်အယူအဆ မှန်ကန်စေရန်၊ မြန်မာ့ယဉ်ကျေးမှုကို ချစ်တတ်၊ တန်ဖိုးထားတတ်စေရန်နှင့် အမျိုးသားယဉ်ကျေးမှုအနုပညာအဆင့်အတန်း အစဉ်ထာဝရမြင့်မားနေစေရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဂီတနှင့် သဘင်ပညာဌာနတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှ ဂုဏ်ပြုတေးသီချင်း၊ ဒိုင်အဖွဲ့ဝင် အကဲဖြတ်ပညာရှင်များမှ မြန်မာ့မူမြန်မာ့ဟန် အဆိုအကတို့ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီးနောက် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို သက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်နေရာများတွင် စက်တင်ဘာ ၉ ရက်အထိ ကျင်းပ၍ ပြိုင်ပွဲဝင်များကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ဝင်ရောက် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲ၌ Mrs Cosmo Myanmar, Mrs Supranational Myanmar နှင့် City Winner များ ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

Golden Grace Myanmar မှ ကြီးမှူးကျင်းပသော အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် Mrs Cosmo Myanmar နှင့် Mrs Supranational Myanmar မြန်မာနိုင်ငံကိုယ်စားပြု Winner များ ရွေးချယ်ခြင်းနှင့် Golden Grace Myanmar City Winner ဆုရွေးချယ်ပွဲကို စက်တင်ဘာ ၂ ရက်က မန္တလေးမြို့ရှိ Y Mandalay Hotel ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲသို့ အိမ်ထောင်ရှင်အလှမယ် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး Mrs Cosmo Myanmar Winnen Mrs Supranational Myanmar Winner တို့နှင့်အတူ Golden Grace Myanmar City Winner အပါအဝင် အခြားသော အိမ်ထောင်ရှင်အလှမယ်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

၎င်းတို့အနက် Mrs Cosmo Myanmar Winnen Mrs Supranational Myanmar Winner နှင့် City Winner ရရှိသူများကို နိုင်ငံတကာ (International) ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ထို့ပြင် ပထမဆုရရှိသည့် အလှမယ်အား ရွှေစင် ၁၅ ကျပ်သားရှိ သရဖူကို ထိုက်တန်စွာ ချီးမြှင့်ခဲ့သည်။



အခမ်းအနားသို့ ထပ်ဆင့်အကယ်ဒမီ သရုပ်ဆောင် ထက်မိုးဦး၊ နိုင်ငံကျော်အဆိုတော် ဟန်ထူးရျာန်၊ ဖောင်းတောဘုရင်မ နှင့် Cele အောင်ရဲကျော်တို့အပါအဝင် အခြားသောအနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ယခုပြိုင်ပွဲကို Golden Grace Myanmar ၏ CEO & Founder မိတ်ကပ်ပညာရှင် ပြည့်စုံက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့သော အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲများကို နောက်နောင်တွင်လည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-စ)**

## ကျောင်းတွင်းအတန်းလိုက် စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ ၆၃လမ်းနှင့် ၆၄ လမ်းကြား၊ နန်းရှေ့ရှိ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျောင်းတွင်းအတန်းလိုက် စားပွဲတင် တင်းနစ်အားကစား ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းရှိ အားကစားခန်း၌ ကျင်းပပြုလုပ်သည်။

ပြိုင်ပွဲတွင် Grade 6 မှ Grade 9 အထိ အလယ်တန်းအဆင့် ကျောင်းသား ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ အုပ်စုလိုက် (၁၁) မှတ်၊ သုံးပွဲပတ်လည်စနစ် ကစားကြသည်။

အုပ်စုပတ်လည်ကစားပြီးနောက် ဒုတိယပတ်လည် ခြောက်ဦး ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဆက်လက်၍ နောက်ဆုံးပွဲစဉ်တွင် Grade 8 မှ ပထမ မောင်စိုးသီဟ၊ ဒုတိယ မောင်သုတလင်း၊ တတိယ မောင်အောင်ချမ်းပြည့်ထွန်းတို့ ဆုများအသီးသီးရရှိကြသည်။ အဆိုပါပြိုင်ပွဲအား စားပွဲတင် တင်းနစ် နည်းပြ ဦးဇော်ထွန်းရှင်က အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**PNT**



## အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များမှ ကာကွယ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ကြိုတင်အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ စံသရဖူကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးကျော်စန်း၊ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ဦး၊ အတွင်းရေးမှူး ဦးမြင့်သန်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်၊ စံသရဖူကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွဲ့၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ လူငယ်များအပေါ် ထိခိုက်နိုင်သည့် အန္တရာယ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများကို ရှင်းလင်းဟောပြောပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-စ)**



## ဝဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၃

ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ ပေါင်းစပ်၍ ရေဝင်လမ်းအတွင်း Geo-bags သဲအိတ်ကြီးများချခြင်း၊ ပန်းတာ၏ လက်ဝဲဘက်ခြမ်းနှင့် လက်ယာဘက်ခြမ်းတို့တွင် ရေတိုက်စားမှုကာကွယ်ရန် သဲအိတ် ၁၀၀ ပါနိုင်လွန်ပိုက်ကြိုးဖြင့်ထုပ်ပိုးသည့် သဲအိတ်တွဲများချခြင်း၊ ရေမောင် သောင်တူးစက်ကြီးရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ပန်းတာရေဝင်လမ်းအနီးသို့ သဲမှုတ်သွင်းခြင်း၊ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်နှင့် Silent Pile Driver, Vibro Hammer Driver တို့ဖြင့် Steel Sheet Pile ရိုက်ခြင်း၊ ရေဝင်လမ်းပိတ်ဆို့ကာကွယ်ရန် CB တွဲခွံ ပေ (၈၀ x ၁၈ x ၉ ) အတွင်း သဲ၊ ကျောက်ထည့်သွင်းနှစ်မြုပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေးမျက်နှာမြို့နယ် ဝဝန်တာနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေမောင် သောင်တူးရေယာဉ်ဖြင့် သောင်တူး၍ သဲဖို့ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ကွမ်းခြံကုန်း(အရှေ့)ကျေးရွာသေဋ္ဌိကာရုံကျောင်းတိုက်တွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ရေဘေးကြောင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းရိုင်းပင်းကူညီကာ အခက်အခဲများကို အတူတကွ ကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာအုပ်စုသို့ သွားရောက်၍ အောင်ဆုပေးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးရှောင်စခန်းအတွက် မီးစက်တစ်လုံး၊ စက်သုံးဆီများနှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်သည်။ ယင်းနောက် လေးမျက်နှာမြို့ ကူညီကယ်ဆယ်ရေးကွပ်ကဲရေးရုံးသို့ သွားရောက်၍ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဟင်္သာတမြို့နယ် တလုတ္တေဘ်မြို့ အမှတ် (၂)ရပ်ကွက် ရွှေငြိမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပြည်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်သည်။





ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း မြို့၊ ရွာ၊ ရပ်ကွက်များသို့ အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geo-bags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာ တမံနိမ့်ကျနေရာများပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုကို ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ အကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါးရေတိုက်စားမှုဒဏ် ကာကွယ်ရန်နှင့် ကမ်းပါးမြေမပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဂန့်ဂေါမြို့ လူထုအခြေပြု ဗဟိုဌာနတွင် "စည်းကမ်းဟူသည် လူ့တန်ဖိုး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၃


မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမတွင် ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "စည်းကမ်းဟူသည် လူ့တန်ဖိုး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးက ဖြေဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်ပြပွဲနှင့် "မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး"နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ စာစီစာကုံးဖြေဆိုနေမှုအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# အိမ်နီးချင်းကောင်းပီသသော ချစ်ကြည်ရေး ဆက်ဆံရေး တည်ဆောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် အီဂျစ်နိုင်ငံသို့ ရောက်ရှိစဉ် တိုက်တွန်းပြောကြား



**ကိုင်ရို စက်တင်ဘာ ၃**

အရှေ့အလယ်ပိုင်းဒေသတွင် ဘုံတူညီမှုရှိသော၊ ဘက်စုံလွှမ်းခြုံသော၊ ပူးပေါင်းဆောင်ရွက်မှုရှိသော၊ ရေရှည်တည်တံ့သော လုံခြုံရေးဆိုင်ရာ မျှော်မှန်းချက်ကို ဆုပ်ကိုင်ထားခြင်းဖြင့် လုံခြုံရေးပုံစံသစ်တစ်ခု ထူထောင်ရန်နှင့် ဒေသတွင်းနိုင်ငံများအကြား အိမ်နီးချင်းကောင်းပီသသော ချစ်ကြည်ရေး ဆက်ဆံရေးတည်ဆောက်မှုကို ထောက်ခံအားပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က စက်တင်ဘာ ၂ ရက်တွင် တိုက်တွန်းလိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ကိုင်ရိုမြို့၌ အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်လ်စီစီနှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတရှီက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်း အခြေအနေနှင့် ပတ်သက်၍ အချက်လေးချက်ပါ အဆိုပြုချက်တစ်ခုကို တင်ပြခဲ့သည်။

ဒေသတွင်း ဘုံလုံခြုံရေးအတွက် အတွင်းပိုင်း မောင်းနှင်အားကို မြှင့်တင်ရန်၊ ဘက်စုံချဉ်းကပ်မှုနည်းလမ်းကို ဖော်ဆောင်ရန်၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအုတ်မြစ်ကို ခိုင်မာစေရန်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း ၄င်းက တိုက်တွန်းခဲ့ကြောင်း သိရသည်။

**Mon**

# ဒေါ်လာ ၂ ဒသမ ၉၁ ဘီလီယံနီးပါး တန်ဖိုးရှိ ဆန်တန်ချိန် ၆ ဒသမ ၀၃ သန်းခန့် ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း ဗီယက်နမ်နိုင်ငံက ပြည်ပသို့ တင်ပို့ရောင်းချ

**ဟနွိုင်း စက်တင်ဘာ ၃**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁ ဘီလီယံနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၆ ဒသမ ၀၃ သန်းခန့် တင်ပို့ခဲ့ပြီး ထိုပမာဏသည် လွန်ခဲ့သောနှစ် တူညီသည့်ကာလထက် ပမာဏအားဖြင့် ၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁၀ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျသွားခဲ့ခြင်း ဖြစ်သည်ဟု စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ဆန်တင်ပို့ဈေးနှုန်းများသည် ဇူလိုင်လမှစတင်၍ ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာများ ပြသခဲ့ရာ ဇူလိုင်လတွင် ပျမ်းမျှဆန်ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၅၁၁ သို့ ရောက်ရှိလာပြီး ယခင်နှစ် တူညီသည့်ကာလထက် ၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နှစ်အလိုက် ဈေးနှုန်းမြင့်တက်မှု ဖြစ်ခဲ့သည်။

ပထမရှစ်လတာ ကာလအတွင်း ပျမ်းမျှဆန်ကေပို့ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄၈၁ ဒသမ ၅ တွင်ရှိခဲ့ပြီး လွန်ခဲ့သောနှစ် တူညီသည့်ကာလထက် ၅ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ တစ်နှစ်လုံး ဆန်ပို့ကုန် တန်ဖိုးမှာ ကန်ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံ ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ယင်းသည် ၂၀၂၅ ခုနှစ်ထက် ၄ ရာခိုင်နှုန်းခန့် လျော့နည်းမည်ဖြစ်သည်ဟု သိရသည်။ **Mon**



# ကမ္ဘာကြီး "ပြင်းထန်ရာသီဥတု၏ အန္တရာယ်ဇုန်"သို့ ရောက်ရှိနေပြီဟု ကုလအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် သတိပေး

**ဝါရှင်တန် စက်တင်ဘာ ၃**

အယ်နီညိုရာသီဥတု၏ ရိုက်ခတ်မှုများကို ကမ္ဘာတစ်ဝန်း စတင်ခံစားနေရပြီဖြစ်၍ ကမ္ဘာကြီးသည် "ပြင်းထန်ရာသီဥတု၏ အန္တရာယ်ဇုန်"သို့ ရောက်ရှိနေပြီဟု ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သတိပေးလိုက်ကြောင်း သိရသည်။

အဆိုပါ သဘာဝရာသီဥတုဖြစ်စဉ်သည် နှစ်ပေါင်း ၇၀ အတွင်း အားအကောင်းဆုံးဖြစ်လာနိုင်ပြီး အနည်းဆုံး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ကြာမြင့်နိုင်ကြောင်း ပြသနေသည့် နောက်ဆုံးရအချက်အလက်များကို ကမ္ဘာ့ဥတုရာသီဗေဒအဖွဲ့က ထုတ်ပြန်ထားသည်။

အယ်နီညိုဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်း၏ ရာသီဥတုပုံစံများကို ပြောင်းလဲစေပြီး အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေကာ အချို့ဒေသများတွင်မူ ပိုမိုပြင်းထန်သော တိုင်ဖုန်းမုန်တိုင်းများနှင့် ရေကြီးရေလျှံမှုများကို ကြုံတွေ့ရစေသည်ဟု သိရသည်။

**Mon**

0-0-0-0-0

**STOP AIDS**

# ကျောင်းသားများ ဉာဏ်ရည်တု (အေအိုင်)နည်းပညာမသုံးရန် နယူးယောက်မြို့ အာဏာပိုင်များ တစ်နှစ်ကြာ ပိတ်ပင်တားဆီး

**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အာဏာပိုင်များသည် အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ကျောင်းသားများ ဉာဏ်ရည်တု(အေအိုင်)နည်းပညာအသုံးပြုမှုကို တစ်နှစ်ကြာ ပိတ်ပင်တားဆီးလိုက်သည်ဟု ထုတ်ပြန်ကြေညာလိုက်ရာ စာသင်ခန်းများအတွင်း နည်းပညာသစ်များ အသုံးပြုမှုနှင့်ပတ်သက်၍ အာဏာပိုင်များ၏ နောက်ဆုံး ထုတ်ပြန်လိုက်သော စည်းမျဉ်းဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ အကြီးဆုံး ကျောင်းဇုန်မှ ယခုကဲ့သို့ လုပ်ဆောင်မှုသည် လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းအတင်း ကျပ်ဆုံး ကန့်သတ်ချက်ဖြစ်ပြီး လော့စ်အိန်ဂျလီးစ်အပါအဝင် အခြားကျောင်းဇုန်များကမူ အေအိုင်ဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်နေသည်ဟု ဆိုသည်။

နယူးယောက်မြို့ စာသင်ခန်းများတွင် လက်ရှိ အသုံးပြုနေသည့် ပညာရေးဆိုင်ရာ အထောက်အကူပြုကိရိယာ ၄၀ ခန့်ကို ကျောင်းများက ရပ်ဆိုင်းသွားမည်ဟု မြို့တော်ဝန် ဇိုဟရန်မမ်ဒါနီက စက်တင်ဘာ ၂ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# ကနေဒါနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော တိုရွန်တိုမြို့တွင် မိုးသက်မုန်တိုင်းပြင်းထန်၊ လျှပ်စစ်မီးများ ပြတ်တောက်

**အော့တဝါ စက်တင်ဘာ ၃**

ကနေဒါနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော တိုရွန်တိုမြို့တွင် ပြင်းထန်သော မိုးသက်မုန်တိုင်းကျရောက်ခဲ့သဖြင့် အဆောက်အအုံများ ပျက်စီးခြင်း၊ လမ်းများ ပိတ်ထားရခြင်းနှင့် ဒေသခံသောင်းပေါင်းများစွာ လျှပ်စစ်မီး ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၂ ရက်တွင် ကျရောက်ခဲ့သော အဆိုပါမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး အချို့ဒေသများတွင် လေဆင်နှာမောင်း သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။



ယမန်နေ့ ည ၈ နာရီအထိ မီးသုံးစွဲသူ အနည်းဆုံး ၄၅၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်း တိုရွန်တို ဟိုက်ဒရို လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းက ထုတ်ပြန်ကြေညာသည်။

မုန်တိုင်းကြောင့် သစ်ပင်များ လဲပြိုခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ဒွန်ဗယ်လီ ပါ့ခ်ဝေးလမ်းအပါအဝင် မြို့အတွင်းရှိ လမ်းအချို့ကို ပိတ်ထားကြောင်း သိရသည်။

**Mon**

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# မြောက်အမေရိကမှ ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ရွှေများ လန်ဒန်မြို့သို့ ပြောင်းရွှေ့လိုက်ပြီဟု နယ်သာလန်ဗဟိုဘဏ်က အတည်ပြု



**အမ်စတာဒမ် စက်တင်ဘာ ၃**

"တိုးမြင့်လာသော ပထဝီနိုင်ငံရေး မတည်ငြိမ်မှုများ" ကြောင့် မြောက်အမေရိကမှ ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ရွှေများကို လန်ဒန်မြို့သို့ ပြောင်းရွှေ့လိုက်ပြီဟု နယ်သာလန်ဗဟိုဘဏ်က အတည်ပြုခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ ရွှေတန်ချိန် ၈၆ တန်ကို လပေါင်းများစွာ ကြာမြင့်ခဲ့သည့် ရှုပ်ထွေးသော လုပ်ငန်းစဉ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း နယ်သာလန် ဗဟိုဘဏ်က စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုရွှေများကို အကျပ်အတည်း ကြုံတွေ့ချိန်တွင် ပိုမိုလွယ်ကူစွာ ကုန်သွယ်မှုပြုနိုင်ရန် အင်္ဂလန်ဗဟိုဘဏ်၌ လက်ရှိတွင် ထိန်းသိမ်းထားသည်။

ယခုကဲ့သို့ ပြောင်းရွှေ့မှုသည် ဘဏ်၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ပြင်ဆင်ထားရှိမှုများကို မြှင့်တင်ရန်အတွက် "လိုအပ်ပါသည်"ဟု ဘဏ်ဥက္ကဋ္ဌ အိုလပ်ဖ်စလိုက်ပန်က ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



**တောင်တွင်းကြီး စက်တင်ဘာ ၃**

ကျောင်းသား၊ ကျောင်းသူလူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်စေရန်၊ တန်ဖိုးထားတတ်စေရန်၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိရှိနိုင်စေရန်အတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ရတနာဒေဝီ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များအနေဖြင့် ရည်မှန်းချက်ထားကြိုးစားရန်၊ စာရိတ္တကောင်းသောလူငယ်များဖြစ်စေရေး ကြိုးစားနေထိုင်ရန်၊ အသိပညာဗဟုသုတများ ပြည့်စုံစေရေး စာပေလေ့လာဖတ်ရှုကြရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ (ဓါတ်ပုံ)

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ၊ စာရေးဆရာကြီးများ၏ စာပေအဆိုအမိန့်နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင် (မိဿနိုးမြေ)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၃**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) (MEDA-Mdy) တို့ပူးပေါင်းကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုလွင်က အဖွင့်အမှာစကားပြောကြားပြီးနောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆေးဝါး သမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါး အမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့်စိတ်ကြွဆေးအကြောင်းကိုလည်းကောင်း၊ အသီးသီးအသိပညာပေးဟောပြောကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများအား အမှုဆောင် ဒေါ်ခင်မေပိုင်က မေးမြန်းပြီး မှန်ကန်စွာဖြေဆိုနိုင်သူများအား အမှုဆောင်များက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ အသင်းအမှုဆောင်များ၊ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝ၇ဝ)

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တောင်ငူမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီ တောင်ငူမြို့၊ အမှတ်(၂၂)ရပ်ကွက်အနီးတွင် ပန်းအောင်(ခ)အောင်ပေနှင့် မနော်ဌေးဌေးစိုး ဆိုသူတို့အား TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်နှင့် TOYOTA ALPHARD အမျိုးအစား မော်တော်ယာဉ်တို့နှင့်အတူ ဘိန်းဖြူ အလေးချိန် ၆ ဒသမ ၃၄ ကီလို၊ စိတ်ကြွဆေးပြား ၈၁၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပန်းအောင်(ခ)အောင်ပေ (၃၉)နှစ်နှင့် မနော်ဌေးဌေးစိုး (၂၀)နှစ် ဆိုသူတို့အား တောင်ငူမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၂၄ ရက် နံနက် ၁၁ မိနစ် ၅၀က ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဇော်ဇော်အောင်ဆိုသူ မောင်းနှင်ပြီး ပိုင်သူကျော်(ခ)ပိုင်သူဆိုသူ လိုက်ပါလာသည့် NISSAN DIESEL DUMP အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၃၄ ဒသမ ၄ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ဇော်အောင်(၅၅)နှစ်နှင့် ပိုင်သူကျော်(ခ)ပိုင်သူ(၃၁)နှစ် ဆိုသူတို့အား ဖိုကုန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်ခရီးသည်တင် ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်

**မန္တလေး စက်တင်ဘာ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၃/၆)နှင့်(၁၃/၇)အကြားတွင် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး ××××× ဆိုသူ မောင်းနှင်ပြီး ခရီးသည် ၂၅ ဦး လိုက်ပါလာသော ခရီးသည်တင်ယာဉ်သည် ရန်-မန်းအမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ရှေ့တွင်မောင်းနှင်နေသောယာဉ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် မြေသားလမ်းပေါ်ရှိ Guard Rail များနှင့် တိုက်မိကာ တိမ်းမှောက်မှုဖြစ်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ရှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (ဝ၅၇)



## နေအိမ် မီးလောင်မှုဖြစ်ပွား

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းကုန်းကြီးကျေးရွာအုပ်စု၊ ရွာသာကုန်းကျေးရွာ၌ ဩဂုတ် ၃၀ ရက် နံနက် ၂ နာရီ ၅၅ မိနစ်ခန့်က ပိုင်ရှင် ဦးကျင်ရွှေ(ခ)ဦးဖိုးသိန်း (၈၅)နှစ်ဆိုသူ၏ (၁၀×၁၀)ပေ၊ သွပ်မိုး၊ ထရံကာနွားတင်းကုပ်တွင် နွားများ ခြင်မကိုက်စေရန် မီးဖိုထားသော မီးကြွင်းမီးကျန်မှ တစ်ဆင့် အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကြို့ပင်ကောက်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၁၃ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၁၀×၁၀)ပေ၊ သွပ်မိုး၊ ထရံကာ နွားတင်းကုပ်တစ်လုံး၊ ပေ(၄၀×၃၀)၊ သွပ်မိုး၊ အုပ်ညှပ်၊ နှစ်ထပ်နေအိမ်တစ်လုံးနှင့် နွားတစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးကျင်ရွှေ(ခ)ဦးဖိုးသိန်းဆိုသူအား ကြို့ပင်ကောက်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကျိုင်းတုံ-တောင်ကြီးကားလမ်းတွင် Express ယာဉ် တစ်စီးဘရိတ်ပေါက်ပြီး ချောက်ထဲထိုးကျမှုဖြစ်ပွား

**ကျိုင်းတုံ စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံ-တောင်ကြီးသွားကားလမ်း၊ တောင်သုံးလုံးရွာနှင့် ခမ်းပေါ့ရွာကြားတွင် စက်တင်ဘာ ၁ ရက် ည ၁၀ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီးချောက်ထဲထိုးကျမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး ×××ဆိုသူ မောင်းနှင်ပြီးခရီးသည် ၂၈ဦး လိုက်ပါလာသော Expressယာဉ်သည် ကျိုင်းတုံ-တောင်ကြီးကားလမ်းအတိုင်း မောင်းနှင်လာစဉ် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းဘေးရှိ ပေ ၅၀ ခန့် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။



အခင်းဖြစ်နေရာသို့ တုံတာမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းတို့သည် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူ ၁၉ ဦးနှင့် သေဆုံးသူ တစ်ဦးတို့အား တုံတာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

**(မိုးသီး)**

# လယ်ယာကဏ္ဍ စက်သုံးဆီ လိုအပ်ချက်ပြည့်တင်းနိုင်ရေး MoA လက်မှတ်ရေးထိုး



**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လယ်ယာကဏ္ဍ စက်သုံးဆီလိုအပ်ချက်အပေါ် ပူးပေါင်းညှိနှိုင်းဖြည့်တင်းနိုင်ရေးအတွက် Memorandum of Agreement (MoA)လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို စက်တင်ဘာ ၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဆန်ပြည်ပတင်ပို့မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အသင်းချုပ်၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဆန်စပါးစိုက်ပျိုးခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် စက်သုံးဆီများကို ပူးပေါင်းညှိနှိုင်း ဖြည့်တင်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အသင်းဝင်ကုမ္ပဏီ ၄၁ ခုနှင့် DENKO Trading Co., Ltd တို့အကြား MoA လက်မှတ်ရေးထိုးခဲ့ကြသည်။

MoA လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် DENKO Trading Co., Ltd ၏ Managing Director ဦးဝဏ္ဏခိုင်တို့က MoA လက်မှတ်ရေးထိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ရှေ့မှောက်တွင် DENKO Trading Co., Ltd ၏ Director ဦးတင်ဝင်းနှင့် အသင်းချုပ်အသင်းဝင် ကုမ္ပဏီ ၄၁ ခုမှ တာဝန်ရှိသူများက MoA ကို အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ MoA အရ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ကောက်စိုက်စက်၊ လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ရေစုပ်စက်များနှင့် လယ်ယာလုပ်ငန်းသုံးယာဉ်များအတွက် စက်သုံးဆီလိုအပ်ချက်ဖြစ်ပေါ်ပါက DENKO Trading Co., Ltd အနေဖြင့် လွယ်ကူလျင်မြန်စွာ ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ ဆန်စက်များ၊ အခြောက်ခံစက်များနှင့် စပါး၊ ဆန်အခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုသည့် မီးစက်များအတွက် စက်သုံးဆီလိုအပ်ချက်များကို စိစစ်၍ သင့်တင့်မျှတသည့် ပမာဏဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆန်စပါး ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ သိုလှောင်ရုံများနှင့် ဆန်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများအတွက် လိုအပ်သည့် စက်သုံးဆီ (ဒီဇယ်) ပမာဏများကို စိစစ်၍ သင့်တင့်မျှတသည့် ပမာဏဖြင့် ဖြည့်တင်းပေးနိုင်ရေး နှစ်ဖက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအပြင် DENKO Trading Co., Ltd က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၅၀၀ ကို ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါငွေကျပ် သိန်း ၅၀၀ ကို ရေကြီးရေလွှမ်းဒေသများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုင်ငံတော်အစိုးရထံ ငွေကျပ်သိန်း ၂၅၀၀ လှူဒါန်းထားခြင်းအပေါ် ဖြည့်စွက်၍ မျိုးစေ့နှင့် အခြားပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

❂ စာမျက်နှာ ၂၄ မှ

နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ယဉ်ကျေးမှု၊ ပြန်ကြားရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်နီ-ပိန္နဲကုန်း(တ)လမ်းမှ အင်းကြီးလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းမှ ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ “ကိုကိုနှင့်ညီညီ” လျှပ်စစ်ပစ္စည်းဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ “ကိုကိုနှင့်ညီညီ”လျှပ်စစ်ပစ္စည်းဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားငါးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲမှယာ - တရားခံ စန်းအေး၊ ထွန်းချေ(ခ)ရခိုင်၊ စောတင်ရဲအောင်(ခ)ကရင်(ခ)ကတုံး၊ ကျော်တင့်(ခ)စောဖိုးကျော်၊ မင်းထက်သာ၊ မင်းကိုကို)

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် နံနက် ၄ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက်ရှိ “ကိုကိုနှင့်ညီညီ” လျှပ်စစ်ပစ္စည်းဆိုင်တွင် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားသုံးဦးက သေနတ်ပြ ခြိမ်းခြောက်၍ ဆိုင်ဝန်ထမ်းအမျိုးသမီးသုံးဦးအား တိပ်အဝါဖြင့် လက်နောက်ပြန်ချည်နှောင်ကာ နေအိမ်ဆိုင်အတွင်းရှိ မီးခံသေတ္တာနှင့် ဘီရိုအတွင်းမှ စာရွက်စာတမ်းများ၊ ရွှေထည်/စိန်ထည်ပစ္စည်းမျိုးစုံ၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၅၀၈၅၀ ကျပ်ခန့်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ စစ်ကဲကုန်းနယ်မြေရဲစခန်း (ပ)၁၁၀/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၂/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံ မော်လမြိုင်မြို့နယ် ဇေယျာမြိုင်ရပ်ကွက်နေ စန်းအေး (၅၃)နှစ်အား ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းခုနစ်မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စန်းအေး၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် မော်လမြိုင်မြို့နယ် ကွဲခြံကုန်းရပ်ကွက်နေ တရားခံ ထွန်းချေ(ခ)ရခိုင် (၆၉)နှစ်အား ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌ လည်းကောင်း၊ ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာနေ တရားခံ ကျော်တင့်(ခ)စောဖိုးကျော် (၃၄)နှစ်အား စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ၎င်း၏နေအိမ်၌ လည်းကောင်း၊ စက်တင်ဘာ ၂ ရက်မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာနေ မင်းထက်သာ(၂၅)နှစ်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျုံမရေးကျေးရွာနေ မင်းကိုကို(၂၆)နှစ်နှင့် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဗုဒ္ဓရပ်ကွက်နေ စောတင်ရဲအောင်(ခ)ကရင်(ခ)ကတုံး(၃၈)နှစ်တို့ သုံးဦးအား ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာရှိ မင်းထက်သာ၏ နေအိမ်၌ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် မီးခံသေတ္တာနှင့် ရွှေထည်/စိန်ထည်/ပုလဲပစ္စည်းမျိုးစုံ ၁၂ မျိုးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံခြောက်ဦးကို ရွှေထည်ပစ္စည်းမျိုးစုံ ၁၉ မျိုးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ

## ဒေးဗစ်အက်ဖန်းဂရူဘာ ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ်(၂၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်



**လန်ဒန် စက်တင်ဘာ ၃**

နောက်ခံကစားသမားသစ် ဒေးဗစ်အက်ဖန်းဂရူဘာသည် ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ်(၂၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နွေရာသီဈေးကွက်အတွင်းတွင် အယ်လ်ချီအသင်းမှ ဖူလ်ဟမ်အသင်းသို့ လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဒေးဗစ်အက်ဖန်းဂရူဘာသည် အယ်လ်ချီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဒေးဗစ်အက်ဖန်းဂရူဘာအနေဖြင့် ဖူလ်ဟမ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်တွင် အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ဒီလော်ရန်ဇို နာပိုလီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် စက်တင်ဘာ ၃**

နာပိုလီအသင်းသည် အသင်းနောက်ခံကစားသမား ဒီလော်ရန်ဇိုကို ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၇ ပွဲကစားပြီး ဂိုး ၂၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဒီလော်ရန်ဇိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## အန်တိုနီမာရှယ်လ်ကို ခေါ်ယူရန် အဲဗာတန်အသင်း ကမ်းလှမ်း

**လန်ဒန် စက်တင်ဘာ ၃**

အဲဗာတန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး အန်တိုနီမာရှယ်လ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် လိုင်ယွန်၊ မိုနာကို၊ မန်ယူ၊ ဆီဗီလာ၊ မွန်တာရေးစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီမာရှယ်လ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အန်တိုနီမာရှယ်လ်ကို အဲဗာတန်အသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**





## ပရီးမီးယားလိဂ်ပွဲစဉ်(၂) အကောင်းဆုံးကစားသမားအဖြစ် ဘရူနိုဖာနန်ဒက်စ် ရွေးချယ်ခြင်းခံရ

**လန်ဒန် စက်တင်ဘာ ၃**

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်(၂)၏ အကောင်းဆုံးကစားသမားအဖြစ် မန်ယူအသင်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းက အစ်ဆွစ်ချ်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးသုံးဂိုး သွင်းယူခဲ့ပြီးနောက် ယခုလို ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၉ပွဲကစားပြီး ဂိုး ၁၁၀ သွင်းယူထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော် အခုလို ပွဲစဉ် (၂)ရဲ့ အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းဖော်တွေရဲ့ အကောင်းဆုံး ပံ့ပိုးမှုကြောင့်သာ ယခုလို ရွေးချယ်ခြင်းခံခဲ့ရတာပါ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## ပါပေဆားကို တစ်ရာသီအငှားဖြင့် ဂျူဗင်တပ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၃**

ဂျူဗင်တပ်အသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား ပါပေဆားကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းတွင် ကျောနံပါတ်(၂၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါပေဆားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၁ ပွဲ ကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




ဂျူဗင်တပ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ၁၃ ဦးအထိ ခေါ်ယူ အားဖြည့်ထားပြီးဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2026 ATIK Antalya Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၇ ရက်တွင် စတင်မည်

**အန်ကာရစ် စက်တင်ဘာ ၃**

တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATIK Antalya Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 ATIK Antalya Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၇ရက်မှ ၁၄ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 ATIK Antalya Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 ATIK Antalya Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၂၅၀၀၀ ရရှိသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆<br>နံနက် ၀၁း၀၀ နာရီ | စတုဂတ် - ကိုလုံး | စတုဂတ် ၃-၁ ကိုလုံး<br>ကိုလုံး ၁-၂ စတုဂတ် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၄-၉-၂၀၂၆<br>သောကြာနေ့ | ညနေ ၃း၃၀နာရီ | Chinland FC - ရန်ကုန် | Chinland FC ၀-၅ ရန်ကုန်<br>ရန်ကုန် ၉-၀ ChinlandFC |
| ။ | ။ | ရန်ကုန်စီးတီး - ရတနာပုံ | ------ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | ဘက်တစ် - ရီးရဲလ်မက်အရစ် | ဘက်တစ် - ရီးရဲလ်မက်အရစ်<br>ရီးရဲလ်မက်အရစ် ၂-၀ ဘက်တစ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | အစ်ဆွစ်ချ် - လီတာပူး | အစ်ဆွစ်ချ် ၀-၂ လီတာပူး<br>လီတာပူး ၄-၁ အစ်ဆွစ်ချ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆<br>နံနက် ၀၁း၃၅နာရီ | ပီအက်စ်ဂျီ - မိုနာကို | ပီအက်စ်ဂျီ ၁-၃ မိုနာကို<br>မိုနာကို ၁-၀ ပီအက်စ်ဂျီ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | ဂျီနိုအာ - ကိုမို | ဂျီနိုအာ ၀-၂ ကိုမို<br>ကိုမို ၁-၁ ဂျီနိုအာ |



# မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း စက်တင်ဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် သုံးဆယ့်ခြောက်-ချောင်းမကြီး-ပင်းဝလမ်းအား မြေသားတာဘောင်တင်၍ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့(QC) တာဝန်ခံ ဦးခိုင်မင်းစိုး၊ ရေနံချောင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ)ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက သုံးဆယ့်ခြောက်-ချောင်းမကြီး-ပင်းဝလမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး (QC) တာဝန်ခံက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ သုံးဆယ့်ခြောက်-ချောင်းမကြီး-ပင်းဝလမ်းအရှည် ခြောက်ဖာလုံအား မြေသားတာဘောင်တင်၍ အကျယ် ၁၈ ပေ၊ ထုရစ်လက်မမြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၁၈ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နော်လူး**

# လူငယ်ရေးရာ အသိပညာပေးဟောပြော

**မူဆယ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အ.လ.က(၁)ကျောင်းရှေ့ ကွင်းပြင်တွင် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ပထမဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသန်းဇော်ဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူးနှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်အတွက် ပြင်ပစာအုပ်များပါ ဖတ်ရှုကြရန် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ဆိုင်းမိုင်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက လူငယ်များကျန်းမာကြံ့ခိုင်စေရေး အားကစားကို ပုံမှန်လုပ်ဆောင်ကြရန် လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းအတွက် လိုအပ်သည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မိုးစပါးမိုးသီးနှံများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများအား ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ အမရပူရမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မိုးစပါးမိုးသီးနှံများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများအား ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချပွဲကို ယမန်နေ့ နံနက် ၁၀နာရီက နတ်ရေကန်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ(၃)၌ ကျင်းပခဲ့သည်။

အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုးသီးနှံစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကသီးနှံထွက်နှုန်းတိုးတက်စေရန် သွင်းအားစုဓာတ်မြေဩဇာများ အရည်အသွေးမှန်ကန်စွာအသုံးပြုနိုင်စေရန် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူ ၅၂၃ ဦးအား မြေဩဇာအာမိုကွန်ပေါင်းအိတ် ၂၀၀၀ နှင့် မာလာမြိုင်ပုလဲဓာတ်မြေဩဇာအိတ် ၂၀၀၀ စုစုပေါင်း ၄၀၀၀ အိတ်တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့သည်။

အဆိုပါ ဓာတ်မြေဩဇာစုပေါင်းဖြန့်ဖြူးရောင်းချပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိထွေး၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဒေါ်ဝေမာ၊ မြို့နယ်မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လေးနှင့် မိုးသီးနှံစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လဲ့လဲ့နိုင်**

# တိရစ္ဆာန်ရုပ်လုံးသွင်းအတတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

**စဥ့်ကိုင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော တိရစ္ဆာန်ရုပ်လုံးသွင်းအတတ်ပညာသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါတက္ကသိုလ်ရှိ THEATRE ခန်းမ၌ ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ၊ ဒုတိယပါမောက္ခချုပ်များ၊ သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကြူကြူစန်းနှင့် နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန Htoozoo & Gardens Bus-iness Unit မှ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာရှင် ဆရာဦးမျိုးနိုင်နှင့် နည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာရှင် ဆရာဦးမျိုးနိုင်အား အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

# ကန်တော်နဒီဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ချို့တဲ့လူနာများအား ငွေများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံကြီးနှင့် ကန်တော်နဒီဆေးရုံ(ကင်ဆာကုသဆောင်) တို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ချို့တဲ့လူနာများအား လစဉ်ငွေနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂ ရက်က ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများ၊ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၉)ကြိမ်မြောက်အဖြစ် ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းရှိ ကန်တော်နဒီဆေးရုံ၊ ကင်ဆာရောဂါကုသဆောင်တွင် ချို့တဲ့ကင်ဆာလူနာများ၊ ခီမိုဆေးသွင်းလူနာ ၁၀၃ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် ငွေကျပ် ၁၀၃ သိန်းနှင့် စားသောက်ဖွယ်ရာများလှူဒါန်းရာ မန္တလေးပြည်သူ့ဆေးရုံကြီး ကင်ဆာကုသဌာန တာဝန်ခံ ဆရာဝန်နှင့် သူနာပြုဆရာမများ၊ ဆေးလူမှုဆက်ဆံရေးဌာနမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# မြစ်သားမြို့နယ်၌ (နေကြာ၊ ဝါ)စိုက်ပျိုးတောင်သူများအား ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်သား စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝန်းအတွင်း၌ စိုက်ပျိုးထားသော ဆင်းရွှေကြာ ၂ နေကြာမျိုးစေ့ထုတ် စံပြကွက်နှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက် စိုက်ခင်းများတွင် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက တောင်သူများကို လက်တွေ့ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က စိုက်ပျိုးထားသော ဆင်းရွှေကြာ ၂ နေကြာ မျိုးစေ့ထုတ် စံပြကွက် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများနှင့်ပတ်သက်၍ နေကြာသီးနှံတွင် ထရိုင်ခိုဒါးမားထည့်သွင်းစိုက်ပျိုးထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးကွင်း တာဝန်ခံဝန်ထမ်းများက စိုက်ပျိုးထားသော ဆင်းရွှေကြာ ၂ နေကြာမျိုးစေ့ထုတ် စံပြကွက်စိုက်ခင်းနှင့် ဝါပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ခင်းများအား မြို့နယ်အတွင်းရှိ တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ သီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ သီးနှံဖျက်ပိုးမွှားများ ကျရောက်မှုကင်းရှင်းစေရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲတတ်စေရေး၊ အရည်အသွေးကောင်းသီးနှံများထွက်ရှိရေးတို့အတွက် စိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

# ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ၊ ဆုများချီးမြှင့်



**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အမှတ်(၂၇)အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါကျောင်းရှိ အောင်တံခွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး ကြက်ခြေနီကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်နှင့် ကော်မတီ ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဒုတိယ တပ်ဖွဲ့မှူး ဦးအောင်သူဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး ဒေါက်တာ အောင်သက်ဆွေနှင့် ဆရာ၊ ဆရာမများ၊ မဟာအောင် မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာ အောင်မြေမြို့နယ် ကြက်ခြေနီ အသင်းခွဲများမှ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ကြက်ခြေနီ ရှေးဦးပြုစုခြင်း နည်းပြဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်း သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ကြက်ခြေနီကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်နှင့် ကျောင်း အုပ်ကြီး ဒေါက်တာ အောင်သက် ဆွေတို့က သင်တန်းဆင်းအမှာ စကားပြောကြားပြီး အမှတ်(၂၇) အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း သို့ ငွေကျပ်(၁၀)သိန်းပေးအပ် သည်။

ဆက်လက်၍ ရှေးဦးပြုစုခြင်း ဆေးအိတ်များကို မန္တလေးတိုင်း ဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးကျော် ကျော်က အထက(၂၇)ကြက်ခြေနီ တာဝန်ခံဆရာမ ဒေါ်မြမြမွန်ထံ လွှဲပြောင်းပေးအပ်သည်။ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက် ခြေနီတပ်ဖွဲ့ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်းက ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်း လက် မှတ်များကို ကျောင်းကြက်ခြေနီ တာဝန်ခံဆရာမထံသို့ လည်း ကောင်း၊ သင်တန်းပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဧည့် သည်တော်ကြီးများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

၀-၀-၀-၀-၀



# အရန်မီးသတ်တပ်ဖွဲ့က သံဃာတော်များအား အကြိမ်(၂၆၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ ၈၉လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံး၏ အကြိမ် (၂၆၀)မြောက် ဘုံဆွမ်းလောင်း လှူပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၅ နာရီခွဲက အဆိုပါ အရန်မီး သတ်ရုံးရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ အကြိမ်(၂၆၀) မြောက် ဘုံဆွမ်းလောင်းလှူရာ တွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး ဇော်ဝင်းအောင်၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစု ဝင်များနှင့် အလှူရှင် ဒေါက်တာ ယွန်းနှင်းအိမ်အား ရည်စူး၍ ဦးမြင့်မော်ထွန်း+ဒေါ်ခင်ဌေးစိုး တို့ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွ ရောက်လာသော ရဟန်းသံဃာ အပါး ၁၅၀ အား ဆွမ်း၊ ဝက် သားချက်၊ ထောပတ်ပဲနှပ်၊ ငါး လေးခြောက်ငါးပိကြော်၊ ပဲတီ ချဉ်သုပ်၊ အကြော် စသည့် ဆွမ်း၊ ဆွမ်းဟင်းများကို လောင်းလှူဒါန်း ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၃)**

# အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**လဲချား စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ အမျိုး သမီးများ ဝင်ငွေတိုးတက်စေရေး အတွက် အထောက်အကူပြု အခြေခံစက်ချုပ်နည်းပညာ သင် တန်းဖွင့်ပွဲကို လဲချားမြို့နယ်၊ မြို့မရပ်ကွက်၊ ဟိုနောင်လုံခန်းမ တွင် စက်တင်ဘာ ၁ ရက် မွန်း လွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ လဲချား မြို့နယ် မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူ များ တတ်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား တွင် လွိုင်လင်ခရိုင် စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကယနေ့သင်တန်းသည် အခြေခံ စက်ချုပ်နည်းပညာသင်တန်းဖြစ် ပြီး သင်တန်းသူများအနေဖြင့် သင် တန်းတက်ပြီး မိသားစုစီးပွားရေး တစ်ဖက်တစ်လမ်းမှ တိုးပွားလာ အောင် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ သည်။

ထို့နောက် လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သင်တန်းသူ များအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး လဲချားမြို့နယ် မြို့ နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌကလည်း သင်တန်း သူများအား သင်တန်းသုံးကုန် ကြမ်းပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လွိုင်လင် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူ များ သင်ကြားနေမှုနှင့် သင်တန်း သုံးပစ္စည်းများအား ကြည့်ရှုစစ် ဆေးကြသည်။

အဆိုပါ သင်တန်းသို့ လဲချား မြို့နယ်အတွင်းမှ သင်တန်းသူ ၁၁ ဦး တက်ရောက်ကြပြီး ၄၅ ရက်ကြာ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- ➤ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈) ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➤ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀) ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➤ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေး ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုး ပွားရေး စာအုပ်ပြပွဲနှင့်နံရံကပ် စာစောင်ပြပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက တော်ဝင်ကိုယ်ပိုင် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ ခဲ့သည်။



**(ဝဲပုံ)**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံ ကပ်စာစောင်ပြပွဲတွင် ညောင်ဦး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ဦးစီး အရာရှိ ဒေါ်သူဇာစိုးက ရိုးသား ခြင်း၏ တန်ဖိုးခေါင်းစဉ်ဖြင့် ငယ်စဉ်အခါကပင် ကျောင်းစာ အပြင် ပြင်ပစာပေများကိုလည်း မိမိကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ရှာဖွေဖတ်ရှုရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ စာအုပ်ပြပွဲနံရံကပ် စာစောင်ပြပွဲများပြသရာ ကျောင်း သား၊ ကျောင်းသူများက စိတ်ဝင် တစားကြည့်ရှုမှတ်သားကြကြောင်း သိရသည်။

**(၄၈၁)**

# ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံနှင့်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ အသက်နှစ်နှစ် အောက်ကလေးငယ်များအား ပုံမှန် ကာကွယ်ဆေးများ ထိုးနှံတိုက် ကျွေးခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ သည်။

**(ယာပုံ)**

အဆိုပါ ပုံမှန်ကာကွယ် ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မြတ်မိုးဆန်း ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးငယ်များ အား အသက်အပိုင်းအခြားအလိုက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်း ညွှန်ချက်နှင့်အညီ စနစ်တကျ ထိုးနှံတိုက်ကျွေးပေးကြသည်။

ထို့အပြင် သက်ကြီးဘိုးဘွား များအား ကျန်းမာရေးစောင့်ရှောက် မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင် များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်း၊ ကျန်းမာရေးစစ်ဆေး ပေးခြင်းနှင့် ကျန်းမာရေး အသိ ပညာပေးခြင်းတို့ ဆောင်ရွက်ပေး လျက်ရှိကြောင်း မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှ သိရသည်။

**(၄၈၀)**



# ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုပုံစံနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး သတိပြုဖွယ်

‘ကျန်းမာခြင်းသည် လာဘ်တစ်ပါး’ဟူသော စကားသည် ရိုးရှင်းသော်လည်း လူ့ဘဝအတွက် အလွန်အဓိပ္ပာယ်ရှိသော စကားဖြစ်ပါသည်။ လူတစ်ယောက်တွင် ငွေကြေး၊ ပညာ၊ ရာထူး၊ အောင်မြင်မှုများ မည်မျှပင်ရှိနေစေကာမူ ကျန်းမာရေးမကောင်းလျှင် ထိုအရာများကို အပြည့် အဝခံစားနိုင်ရန် ခက်ခဲပါသည်။ ကျန်းမာနေချိန်တွင် ကျန်းမာခြင်း၏ တန်ဖိုးကို မေ့လျော့နေတတ်ကြပြီး နာမကျန်းဖြစ်လာသည့်အခါမှသာ ‘ကျန်းမာနေရတာဟာ ဘယ်လောက်အဖိုးတန်ပါလိမ့်’ဟု သဘောပေါက်လာတတ်ကြသည်။ အမှန်တကယ်တော့ ကျန်းမာရေးကို နာမကျန်းဖြစ်လာမှ ပြန်လည်ရှာဖွေခြင်းထက် ကျန်းမာနေစဉ်ကတည်းက ထိန်းသိမ်းကာကွယ်ထားခြင်းက ပိုမိုကောင်းမွန်ပါသည်။

လူတစ်ဦး၏ ကျန်းမာရေးကောင်းမွန်မှုသည် ဆေးဝါးနှင့် ဆေးရုံများအပေါ်တွင်သာ မူတည်နေခြင်းမဟုတ်ပါ။ နေ့စဉ်စားသောက်သည့် အစားအစာ၊ သောက်သုံးသည့်ရေ၊ အိပ်စက်သည့်အချိန်၊ ကိုယ်လက်လှုပ်ရှားမှု၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ဖိစီးမှုကို ကိုင်တွယ်ပုံ၊ ဆေးလိပ်နှင့် အရက်ကဲ့သို့သော အလေ့အထများ၊ မိမိနေထိုင်ရာ အိမ်နှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုတို့အားလုံးသည် ကျန်းမာရေးနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်နေကြပါသည်။ ထို့ကြောင့် ကျန်းမာသောဘဝတစ်ခုကို ရရှိလိုပါက ‘နေမကောင်းမှ ဆေးကုမည်’ ဆိုသည့် အတွေးထက် ‘မဖြစ်မီကတည်းက ကာကွယ်မည်’ဆိုသည့် ကျန်းမာရေး အသိရှိရန် အရေးကြီးပါသည်။

ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာခြင်းနှင့်အတူ လူနေမှုပုံစံသည်လည်း သိသိသာသာ ပြောင်းလဲလာပါသည်။ ယခင်က နေ့စဉ်ဘဝတွင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းများ များပြားခဲ့သော်လည်း ယနေ့တွင် အလုပ်အများစုကို ထိုင်၍ လုပ်ဆောင်လာကြသည်။ သွားလာရာတွင်လည်း လမ်းလျှောက်ခြင်းထက် ယာဉ်အသုံးပြုမှုများလာသည်။ အလုပ်ချိန်တွင် ကွန်ပျူတာရှေ့ထိုင်ခြင်း၊ အားလပ်ချိန်တွင် ဖုန်းကြည့်ခြင်း၊ ညဘက်တွင်လည်း လူမှုကွန်ရက်နှင့် ရုပ်သံအစီအစဉ်များကြည့်ရင်း အချိန်ကုန်ဆုံးခြင်းတို့ကြောင့် ကိုယ်လက်လှုပ်ရှားမှု လျော့နည်းလာသကဲ့သို့ အိပ်ချိန်လည်း နောက်ကျလာကြပါသည်။

ထိုသို့ လှုပ်ရှားမှုနည်းပါးသည့် လူနေမှုပုံစံနှင့်အတူ အစားအသောက်ပုံစံများလည်း ပြောင်းလဲလာသည်။ အလုပ်များ၍ အချိန်မရှိခြင်းကြောင့် အသင့်စားအစားအစာ၊ အမြန်စားအစားအစာ၊ အချိုရည်၊ သကြားပါဝင်မှုများသော မုန့်နှင့်အစားအစာများကို ပိုမိုစားသုံးလာကြသည်။ ယင်းတို့သည် အချိန်တိုအတွင်း အဆင်ပြေစေသော်လည်း ရေရှည်တွင် ကိုယ်အလေးချိန်တိုးလာခြင်း၊ အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ သွေးချိုတက်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာခြင်းတို့နှင့် ဆက်စပ်နိုင်ပါသည်။

ကျန်းမာရေးကောင်းမွန်စေရန်အတွက် အစားအသောက်သည် အခြေခံအကျဆုံးအချက်များထဲမှ တစ်ခုဖြစ်ပါသည်။ ‘ဗိုက်ပြည့်အောင် စားရုံ’ နှင့် ‘အာဟာရပြည့်ဝအောင်စားခြင်း’သည် မတူညီပါ။ အစားအစာတစ်နပ်တွင် ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်၊ သတ္တုဓာတ်နှင့် အမျှင်ဓာတ်တို့ကို သင့်တင့်မျှတစွာ ရရှိရန် လိုအပ်ပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုး၊ အစေ့အဆန်များ၊ ငါးနှင့် အဆီနည်းသော အသားများကို သင့်တင့်မျှတစွာ စားသုံးသင့်ပြီး ဆား၊ သကြား၊ ပြည့်ဝဆီနှင့် အလွန်အကျွံပြုပြင်ထားသော အစားအစာများကို လျှော့ချသင့်ပါသည်။

အစားအသောက်နှင့်ပတ်သက်၍ လူအများ သတိထားသင့်သည့် အချက်မှာ ‘ကျန်းမာရေးအတွက် ကောင်းသည်’ဟုဆိုသည့် အစားအစာ တစ်မျိုးတည်းကို အလွန်အကျွံစားခြင်းဖြင့် ကျန်းမာလာမည်မဟုတ်ခြင်း ဖြစ်ပါသည်။ ကျန်းမာရေးအတွက် အဓိကမှာ မျှတမှုဖြစ်သည်။ အစားအသောက်တစ်မျိုးတည်းက ရောဂါအားလုံးကို ကာကွယ်ပေးနိုင်ခြင်း မရှိသကဲ့သို့ အစားအသောက်တစ်မျိုးကို လုံးဝမစားရုံဖြင့်လည်း ကျန်းမာရေးကောင်းမွန်လာမည်ဟု မဆိုနိုင်ပါ။ မိမိစားသောက်သည့် အစားအစာတစ်ခုလုံး၏ အရည်အသွေး၊ ပမာဏနှင့် နေ့စဉ်စားသောက်သည့် အလေ့အထတို့က ပို၍အရေးကြီးပါသည်။

အစားအစာ၏ အာဟာရတန်ဖိုးကောင်းမွန်ရုံနှင့် မလုံလောက်သေးပါ။ သန့်ရှင်းမှုရှိရန်လည်း လိုအပ်သည်။ အစားအစာပြင်ဆင်ချိန် လက်မဆေးခြင်း၊ အသားစိမ်း၊ ငါးစိမ်းနှင့် ချက်ပြီးသားအစားအစာများကို အတူထားခြင်း၊ အစားအစာကို အပူချိန်မသင့်တော်သည့်နေရာတွင် အချိန်ကြာမြင့်စွာထားခြင်း၊ မသန့်ရှင်းသောရေဖြင့် အစားအစာပြင်ဆင်ခြင်းတို့သည် ရောဂါပိုးများ ပျံ့နှံ့စေနိုင်ပါသည်။ ထို့ကြောင့် ‘အာဟာရကောင်းဖို့’ သာမက ‘သန့်ရှင်းလုံခြုံဖို့’ကိုပါ အလေးထားရမည်ဖြစ်ပါသည်။

အထူးသဖြင့် မိုးရာသီ၊ ရေကြီးရေလျှံဖြစ်ပွားသည့်ကာလများနှင့် ရေသန့်ရှင်းမှုမသေချာသည့် ဒေသများတွင် သောက်သုံးရေကို အထူးဂရုစိုက်သင့်ပါသည်။ ကြည်လင်နေသည့်ရေတိုင်း သန့်ရှင်းသည်ဟု မဆိုနိုင်ပါ။ မျက်စိဖြင့်မမြင်နိုင်သော ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် အခြားရောဂါပိုးများ ပါဝင်နိုင်သည်။ ထို့ကြောင့် သန့်ရှင်းစိတ်ချရသော ရေအရင်း အမြစ်မှ ရေကို သောက်သုံးရန်၊ မသေချာပါက သင့်လျော်စွာ သန့်စင်၍ သောက်သုံးရန်၊ ရေသိုလှောင်သည့်ပုံးများကို အဖုံးအုပ်ထားရန် လိုအပ်ပါသည်။

လက်ဆေးခြင်းသည် ရိုးရှင်းသလောက် ထိရောက်သော ကျန်းမာရေး ကာကွယ်မှုတစ်ခုဖြစ်သည်။ အိမ်သာသုံးပြီးနောက်၊ အစားအစာ မချက်ပြုတ်မီ၊ မစားသောက်မီ၊ ကလေးငယ်ကို အစားမကျွေးမီ၊ အမှိုက်နှင့် အညစ်အကြေးများကို ကိုင်တွယ်ပြီးနောက် ဆပ်ပြာနှင့်ရေဖြင့် လက်ကို စနစ်တကျ ဆေးကြောသင့်ပါသည်။ လူတစ်ယောက်၏လက်သည် တစ်နေ့တာအတွင်း တံခါးလက်ကိုင်၊ ငွေစက္ကူ၊ ဖုန်း၊ စားပွဲ၊ အများသုံးပစ္စည်း စသည့်အရာများစွာကို ထိတွေ့နေသည်။ ထို့နောက် မသိလိုက်ဘဲ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့ကို ပြန်လည်ထိတွေ့မိနိုင်သဖြင့် လက်သန့်ရှင်းရေးသည် ကူးစက်ရောဂါများ ကာကွယ်ရာတွင် အလွန်အရေးပါပါသည်။

တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်အတူ မိမိနေထိုင်ရာ ပတ်ဝန်းကျင်၏ သန့်ရှင်းမှုကိုလည်း မမေ့သင့်ပါ။ မိမိကိုယ်တိုင် သန့်ရှင်းနေသော်လည်း နေအိမ်ပတ်ဝန်းကျင်တွင် အမှိုက်ပုံများ၊ ရေဆိုးများ၊ ရေဝပ်ရာများနှင့် မသန့်ရှင်းသောအိမ်သာများ ရှိနေပါက ကျန်းမာရေးအန္တရာယ်မှ လွတ်ကင်းနိုင်မည်မဟုတ်ပါ။ အမှိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်းသည် ယင်နှင့် ကြွက်များပေါက်ပွားစေပြီး ရေဝပ်နေရာများသည် ခြင်ပေါက်ပွားရန် အခွင့်အလမ်းပေးနိုင်ပါသည်။

ခြင်သည် အနှောင့်အယှက်ပေးသည့် ပိုးမွှားတစ်မျိုးသာမဟုတ်ဘဲ ရောဂါပိုးများ သယ်ဆောင်ပျံ့နှံ့စေနိုင်သည့် အရေးကြီးသော ပိုးကောင်တစ်မျိုးဖြစ်ပါသည်။ ထို့ကြောင့် ခြင်ဆေးဖျန်းခြင်းတစ်ခုတည်းထက် ခြင်ပေါက်ပွားရာနေရာများကို ဖယ်ရှားခြင်းက ပို၍အခြေခံကျပါသည်။ အိမ်ပတ်ဝန်းကျင်ရှိ ပန်းအိုး၊ တာယာဟောင်း၊ ဘူးခွံ၊ ရေတိုင်ကီ၊ ရေပုံးနှင့် ရေဝပ်နိုင်သည့်ပစ္စည်းများကို ပုံမှန်စစ်ဆေးပြီး ရေမဝပ်စေရန် ပြုလုပ်သင့်ပါသည်။ မိမိအိမ်တစ်အိမ်တည်း လုပ်ဆောင်ရုံဖြင့် မလုံလောက်ဘဲ ရပ်ကွက်နှင့် လူမှုအသိုက်အဝန်းတစ်ခုလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ပိုမိုထိရောက်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံတွင် ကိုယ်လက်လှုပ်ရှားမှုသည်လည်း အရေးပါသောနေရာမှ ပါဝင်နေပါသည်။ လေ့ကျင့်ခန်းလုပ်ခြင်းဆိုသည်မှာ အားကစားခန်းမသွား၍ ပြင်းထန်သောလေ့ကျင့်ခန်းများ လုပ်ရမည်ဟု မဆိုလိုပါ။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ဥယျာဉ်ခြံလုပ်ခြင်း၊ အိမ်မှုကိစ္စများလုပ်ခြင်း၊ လှေကားတက်ခြင်း၊ အချိန်ကြာကြာထိုင်နေရသူများအတွက် အခါအားလျော်စွာ ထ၍ လမ်းလျှောက်ခြင်းတို့သည်လည်း ကိုယ်လက်လှုပ်ရှားမှုများပင် ဖြစ်ပါသည်။ အရေးကြီးသည်မှာ ‘တစ်ခါတစ်ရံ အများကြီးလုပ်ခြင်း’ထက် ‘ပုံမှန်လုပ်ခြင်း’ ဖြစ်ပါသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှုသည် ကိုယ်အလေးချိန်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေသကဲ့သို့ နှလုံးနှင့် သွေးကြောစနစ်၊ ကြွက်သားနှင့် အရိုးကျန်းမာရေးအတွက်လည်း ကောင်းမွန်စေပါသည်။ ထို့အပြင် ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊ စိတ်ခံစားမှု ကောင်းမွန်စေခြင်းနှင့် ညဘက်အိပ်စက်မှု ပိုကောင်းစေရန်လည်း အထောက်အကူပြုနိုင်ပါသည်။ အသက်ကြီးလာသည်နှင့်အမျှ ကြွက်သားထုထည်နှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု တဖြည်းဖြည်းကျဆင်းလာနိုင်သဖြင့် အသက်အရွယ်ရလာသူများအတွက် ကိုယ်လက်လှုပ်ရှားမှုကို ဆက်လက်ထိန်းသိမ်းထားခြင်းက ပို၍ပင် အရေးကြီးလာပါသည်။

အိပ်စက်ခြင်းသည်လည်း ကျန်းမာသောလူနေမှုဘဝ၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူအချို့က အလုပ်များလွန်းသည့်အခါ အိပ်ချိန်ကို ပထမဆုံးလျှော့တတ်ကြသည်။ သို့သော် အိပ်စက်ခြင်းသည် အချိန်ဖြုန်းခြင်းမဟုတ်ပါ။ ခန္ဓာကိုယ်နှင့် ဦးနှောက် ပြန်လည်အနားယူပြီး နောက်တစ်နေ့အတွက် ပြင်ဆင်နေသည့်အချိန်ဖြစ်သည်။ အိပ်ရေးမဝခြင်းသည် ပင်ပန်းနွမ်းနယ်ခြင်း၊ အာရုံစူးစိုက်မှုကျဆင်းခြင်း၊ စိတ်တိုလွယ်ခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် မှားယွင်းနိုင်ခြင်းတို့ကို ဖြစ်စေနိုင်ပြီး အချိန်ကြာမြင့်လာပါက ကျန်းမာရေးအပေါ် ဆိုးကျိုးများရှိလာနိုင်ပါသည်။

ယနေ့ခေတ်တွင် အိပ်ရေးပျက်စေသည့် အကြောင်းရင်းများအနက် ဖုန်းနှင့် လူမှုကွန်ရက်အသုံးပြုမှုလည်း ပါဝင်လာပါသည်။ ‘နောက်ငါးမိနစ်ပဲ ကြည့်မယ်’ဟုဆိုရင်း မိနစ်သုံးဆယ်၊ တစ်နာရီကြာသွားတတ်သည်။ ထို့ကြောင့် ညအိပ်ချိန်ကို ပုံမှန်ထားခြင်း၊ အိပ်ရာဝင်ခါနီး ဖုန်းနှင့် အခြားမျက်နှာပြင်အသုံးပြုမှုကို လျှော့ချခြင်း၊ အိပ်ခန်းကို တတ်နိုင်သမျှ အေးချမ်းတိတ်ဆိတ်စွာထားခြင်းတို့သည် ကောင်းမွန်သောအိပ်စက်မှုအတွက် အထောက်အကူပြုနိုင်ပါသည်။

ကိုယ်ခန္ဓာကျန်းမာရေးကောင်းမွန်ရန် ကြိုးစားသကဲ့သို့ စိတ်ကျန်းမာရေးကိုလည်း ဂရုစိုက်ရပါမည်။ ယနေ့လူနေမှုဘဝတွင် အလုပ်အကိုင်၊ စီးပွားရေး၊ မိသားစု၊ လူမှုဆက်ဆံရေးနှင့် သတင်းအချက်အလက်များပြားမှုတို့ကြောင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စိတ်ဖိစီးမှုအနည်းငယ်သည် ဘဝ၏ ပုံမှန်အစိတ်အပိုင်းဖြစ်သော်လည်း ကြာရှည်စွာ ဖိစီးနေပါက အိပ်မပျော်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ အာရုံစူးစိုက်မှုလျော့နည်းခြင်းနှင့် နေ့စဉ်ဘဝအရည်အသွေး ကျဆင်းလာခြင်းတို့ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် တစ်နေ့တာအတွင်း မိမိအတွက် အနားယူချိန်ထားပေးခြင်း၊ လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ တေးဂီတနားထောင်ခြင်း၊ မိသားစုနှင့် စကားပြောခြင်း၊ မိတ်ဆွေကောင်းများနှင့် အချိန်ပေးခြင်း၊ သဘာဝ ပတ်ဝန်းကျင်ထဲတွင် အချိန်အနည်းငယ် ကုန်ဆုံးခြင်းတို့သည် စိတ်ကို ပြန်လည်လန်းဆန်းစေနိုင်ပါသည်။ မိမိတစ်ဦးတည်း ဖြေရှင်းရန် ခက်ခဲလာသည့် စိတ်ပိုင်းဆိုင်ရာပြဿနာများရှိပါက အကူအညီတောင်းခံရန်လည်း ဝန်မလေးသင့်ပါ။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်များကို ရှောင်ကြဉ်ခြင်းသည် ကျန်းမာရေးအတွက် အလွန်အရေးကြီးပါသည်။ ဆေးလိပ်သောက်ခြင်းသည် အဆုတ်တစ်ခုတည်းကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ နှလုံး၊ သွေးကြောနှင့် ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်းများအပေါ်လည်း ဆိုးကျိုးသက်ရောက်စေနိုင်ပါသည်။ မိမိကိုယ်တိုင် မသောက်ခြင်းအပြင် အခြားသူများ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါသည်။ အထူးသဖြင့် ကလေးငယ်များ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများရှိသည့် အိမ်များတွင် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးထားရန် လိုအပ်ပါသည်။

ကျန်းမာရေးကို ထိန်းသိမ်းခြင်းတွင် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းလည်း ပါဝင်ပါသည်။ လူအချို့က မနာမကျင်သေးလျှင် ကျန်းမာရေး စစ်ဆေးရန် မလိုအပ်ဟု ယူဆတတ်ကြသည်။ သို့သော် သွေးတိုး၊ ဆီးချိုနှင့် သွေးတွင်းအဆီဓာတ်များခြင်းကဲ့သို့သော အခြေအနေအချို့သည် အစောပိုင်းတွင် ထင်ရှားသောလက္ခဏာမပြဘဲ ရှိနေနိုင်ပါသည်။ အသက်အရွယ်၊ မိသားစုရာဇဝင်နှင့် မိမိ၏ ကျန်းမာရေးအန္တရာယ်အခြေအနေတို့အလိုက် သင့်တော်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်းသည် ရောဂါများကို စောစီးစွာ သိရှိနိုင်ရန် အထောက်အကူဖြစ်စေပါသည်။

ကာကွယ်ဆေးထိုးခြင်းကိုလည်း ကလေးများအတွက်သာ လိုအပ်သည်ဟု မယူဆသင့်ပါ။ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေအလိုက် လူကြီးများအတွက်လည်း သင့်လျော်သည့် ကာကွယ်ဆေးများ ရှိနိုင်ပါသည်။ ရောဂါဖြစ်လာပြီးမှ ဆေးကုသခြင်းထက် ဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်သည့်နည်းလမ်းများကို အသုံးချခြင်းသည် လူတစ်ဦးချင်းအတွက်သာမက လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက်ပါ အကျိုးရှိစေပါသည်။

ကျန်းမာရေးကောင်းမွန်စေရန် အရာအားလုံးကို တစ်ရက်တည်း ပြောင်းလဲရန် မလိုပါ။ အရေးကြီးသည်မှာ သေးငယ်သော အလေ့အထကောင်းများကို နေ့စဉ်ဘဝထဲသို့ တဖြည်းဖြည်း ထည့်သွင်းသွားရန်ဖြစ်သည်။ အချိုရည်တစ်ဘူးအစား ရေသောက်ခြင်း၊ အနီးအနားသွားရာတွင် လမ်းလျှောက်ခြင်း၊ ညဘက် ဖုန်းကြည့်ချိန်ကို မိနစ်အနည်းငယ် လျှော့ခြင်း၊ စားပွဲပေါ်တွင် ဟင်းသီးဟင်းရွက်တစ်မျိုး ပိုထည့်ခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နေရာတစ်ခုကို ဖယ်ရှားခြင်း၊ အမှိုက်တစ်စကို စည်းကမ်းမဲ့စွာ မပစ်ခြင်းတို့သည် အလွန်သေးငယ်သော အပြောင်းအလဲများကဲ့သို့ ထင်ရသော်လည်း နေ့စဉ် ဆက်တိုက်ပြုလုပ်သည့်အခါ ကျန်းမာရေး အတွက် ကြီးမားသောအကျိုးသက်ရောက်မှု ဖြစ်လာနိုင်ပါသည်။

မိသားစုတစ်စု၏ ကျန်းမာရေးသည် မိသားစုဝင်တစ်ဦးချင်း၏ အလေ့အထများနှင့် ဆက်စပ်နေသကဲ့သို့ လူမှုအသိုက်အဝန်းတစ်ခု၏ ကျန်းမာရေးသည်လည်း လူတစ်ဦးချင်း၏ အပြုအမူနှင့် ဆက်စပ်နေပါသည်။ မိမိအိမ်ရှေ့ကို သန့်ရှင်းထားပြီး အမှိုက်ကို အိမ်နီးချင်းနေရာသို့ ပစ်လိုက်ခြင်းသည် သန့်ရှင်းရေးလုပ်ခြင်းမဟုတ်ပါ။ မိမိအိမ်တွင် ခြင်မပေါက်အောင် လုပ်ထားသော်လည်း ရပ်ကွက်အတွင်း ရေဝပ်နေရာများစွာရှိနေပါက ခြင်အန္တရာယ်မှ လွတ်ကင်းမည်မဟုတ်ပါ။ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပြည်သူ့ကျန်းမာရေးသည် ‘ကိုယ့်အတွက်ကိုယ်’ဆိုသည့် အယူအဆဖြင့်သာ ဖြေရှင်း၍မရဘဲ အားလုံးပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။

အမှန်တကယ်တော့ ကျန်းမာရေးကောင်းမွန်ရန် အလွန်စျေးကြီးသော အစားအစာများ၊ ရှုပ်ထွေးသည့် ကျန်းမာရေးနည်းလမ်းများနှင့် ခေတ်စားနေသည့် ကျန်းမာရေးပစ္စည်းများ မဖြစ်မနေလိုအပ်သည် မဟုတ်ပါ။ သန့်ရှင်းသောရေကို သောက်ခြင်း၊ မျှတစွာစားခြင်း၊ လက်ကို စနစ်တကျဆေးခြင်း၊ နေ့စဉ်လှုပ်ရှားခြင်း၊ လုံလောက်စွာအိပ်ခြင်း၊ ဆေးလိပ် ရှောင်ခြင်း၊ စိတ်ကိုအနားပေးခြင်း၊ ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်းတို့သည် လူအများ လက်တွေ့လုပ်ဆောင်နိုင်သည့် အခြေခံကျသော ကျန်းမာရေးနည်းလမ်းများ ဖြစ်ကြပါသည်။

လူတစ်ယောက်၏ ကျန်းမာရေးသည် တစ်ရက်အတွင်း တည်ဆောက်လာခြင်းမဟုတ်သကဲ့သို့ တစ်ရက်အတွင်း ပျက်စီးသွားခြင်းလည်း မဟုတ်ပါ။ နေ့စဉ်ပြုလုပ်နေသည့် အလေ့အထအသေးအမွှားများ စုစည်းလာခြင်း၏ ရလဒ်ဖြစ်ပါသည်။ ယနေ့စားလိုက်သော အစားအစာ၊ ယနေ့လမ်းလျှောက်ခဲ့သည့် ခြေလှမ်းများ၊ ယနေ့အိပ်စက်ခဲ့သည့်နာရီများ၊ ယနေ့မသောက်ဖြစ်ခဲ့သည့် ဆေးလိပ်တစ်လိပ်၊ ယနေ့ဆေးကြောခဲ့သည့် လက်နှစ်ဖက်နှင့် ယနေ့ရှင်းလင်းလိုက်သည့် ရေဝပ်နေရာတစ်ခုသည်ပင် အနာဂတ်ကျန်းမာရေးကို တည်ဆောက်ပေးနေခြင်း ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ကျန်းမာရေးကို ဆေးရုံရောက်မှ သတိရသည့်အရာတစ်ခုအဖြစ် မမြင်သင့်ပါ။ ကျန်းမာရေးသည် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်အထိ မိမိပြုလုပ်နေသော ရွေးချယ်မှုတိုင်းထဲတွင် ပါဝင်နေပါသည်။ မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင် တန်ဖိုးထားခြင်းမှ စတင်ပြီး မိသားစု၏ကျန်းမာရေး၊ အိမ်နီးချင်းများ၏ကျန်းမာရေးနှင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်၏ ကျန်းမာရေးအထိ တာဝန်ယူစိတ်ရှိလာရန် လိုအပ်ပါသည်။ ကျန်းမာသောလူတစ်ဦးမှ ကျန်းမာသောမိသားစု ဖြစ်ပေါ်လာနိုင်ပါသည်။ ကျန်းမာသောမိသားစုများမှ ကျန်းမာသော လူမှုအသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပြီး ကျန်းမာသော လူမှုအသိုက်အဝန်းများမှသာ ကျန်းမာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ နေ့စဉ်ဘဝတွင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများကို ကျင့်သုံးကြပြီး မိမိအိမ်မှစ၍ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို အားလုံးအတူတကွ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့။

**မန္တလာ ဆရာမျိုး**

## မျက်စိဝေဒနာရှင်များအား (ပဉ္စမအကြိမ်မြောက်) အခမဲ့မျက်စိခွဲစိတ်ကုသပေးလျက်ရှိ

**မကွေး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး အတွင်းရှိ အမြင်အာရုံချို့တဲ့နေသည့် မိဘပြည်သူများအား အလင်းရောင်ပြန်လည်ရရှိစေရန် ရည်ရွယ်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်နိကာယအဓိပတိ၊ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘုရားကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ လမ်းညွှန်မှု၊ သီတဂူသာသနာပြုအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့် မကွေးမြို့ရှိ သီတဂူမြင့်မိုရ်စံ စက္ခုဒါနဆေးရုံကြီး၌ မကွေးတိုင်းဒေသကြီးအတွင်းမှ မျက်စိဝေဒနာရှင် ၁၆၀၀ ကျော်အား (ပဉ္စမအကြိမ်မြောက်) အခမဲ့ မျက်စိခွဲစိတ်ကုသပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းကုသပေးလျက်ရှိသည်။



ထိုသို့ အခမဲ့မျက်စိခွဲစိတ်ကုသပေးရာတွင် သီတဂူအထူးကုဆရာဝန်ကြီးများ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ပါရဂူများနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သီတဂူဝေယျာဝစ္စအဖွဲ့ဝင်များက ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ခေတ်မီစက်ကိရိယာများဖြင့် မျက်စိဝေဒနာရှင်များအား စနစ်တကျ စမ်းသပ်စစ်ဆေး၍ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။

အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသမှုတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှလာရောက်ကြသည့် မျက်စိအတွင်းတိမ်၊ ရေတိမ်နှင့် အခြားမျက်စိဝေဒနာရှင် ၁၆၀၀ ကျော်အား ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအားလုံးကိုလည်း နေထိုင်စားသောက်ရေးအတွက် သီတဂူသာသနာပြုအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ အခမဲ့စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

**မိုင်းရှူး စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ဆရာဦးဟိန်းလတ် ရေးသားထားသည့် ဉာဏ်ရည်တိုးပွားအောင်လုပ်နည်း စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက စာဖတ်ဝိုင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး ကလေး၏ ဉာဏ်ရည်တိုးပွားအောင်လုပ်နည်း ခေါင်းစဉ်ဖြင့် ဖတ်ကြားဆွေးနွေးခဲ့သည်။ ထို့နောက် G - 5 မှ မသွန်းဆက်ရွှေစင်က မှတ်ဉာဏ်စွမ်းအင်ကောင်းအောင်လုပ်နည်း၊ G-11 မှ မဝါဝါခိုင်က ကစားနည်းများနှင့်လှုပ်ရှားမှုများ၊ G-9 မှ မအိမွန်ခင်က ဖန်တီးမှုနှင့် စိတ်ကူးစွမ်းအားတိုးခြင်းစသည့် ခေါင်းစဉ်များ ဖတ်ကြားရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**









## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၃**

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယု ဦးစီး၍ အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း၊ တပ်ဖွဲ့ဝင်မိသားစု စုစုပေါင်း ၁၀၀ ဦးသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရတနာမဥ္ဇူဘုရားဝင်း အတွင်း လုပ်အားဒါနအဖြစ် ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး ရတနာမဥ္ဇူဘုရား ဩဝါဒါစရိယဆရာတော် ဦးဝိလာသအား ခရိုင်ရဲတပ်ဖွဲ့နှင့် အဖွဲ့က ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နရေး
မန္တလေး

## လှမ်းကြစို့ ပညာစခန်းသို့

* ပညာသည် လူ့ကောင်းကျိုး
သယ်ပိုးပေးထာဝစဉ်
အများအမှန် ရွေးချယ်ပြ
မိဘအသွင် ။

* ကိုယ့်အကျိုးလည်း မကြည့်ပါ
ပေးမေတ္တာထာဝရ
ကိုယ်ကျန်းမာစိတ်ရွှင်လန်း
ချမ်းသာတဲ့ဘဝ ။

* လောကဝယ် ပညာတတ်
မြတ်လှပေါ့ ဤလူ့ရွာ
ကိုယ့်တိုင်းပြည်ကောင်းကျိုး
သယ်ပိုးအစဉ်သာ ။

* ဇွဲလုံ့လ ဝီရိယဆောင်
အောင်မြင်ရန် အားထုတ်
ယနေ့သည် ပညာခေတ်မို့
ထုဆစ်ကြိုးကုတ် ။

* ပညာကို သင်ယူကြ
မိမိဘဝ လှပအောင်
အချိန်ကို အကျိုးရှိ
သုံးကြည့်ခုနှောင် ။

* စိန်ရွှေထက် တန်ဖိုးဝင်
သူ့ဂုဏ်အင်ပန်းပမာမွှေး
လူသားတွေ သောက်သုံးသင့်တဲ့
မြင့်မြတ်သောဆေး ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ် စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)တွင် ကျင်းပခဲ့သည်။

(ယာပုံ)

အဆိုပါ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် (၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၂၀၁၆ ခုနှစ် ဆိုင်ရာများနှင့် အလုပ်ဌာနများဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ် စသည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မိုးသနိုးမြေ)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၂၆)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးမောင်ကို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့် ကပ်လျက်မြောက်ဘက်ပိုင်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းထွန်း(ဘ)ဦးကံညွန့်(၅/စကန(နိုင်)၀၄၁၀၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၈၁)၊ ဦးပိုင်နံပါတ်(၂၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသိန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန့်ဇင်ဦး(ဘ)ဦးတင်အောင်(၉/မတရ(နိုင်)၁၄၈၃၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်တင်တင်သိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီတစ်ထပ်အဆောက်အဦး လျှပ်စစ်မီတာ၊ အဝီစိတွင်း အပါအဝင် ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်ဆုရည်သန်းစိန်(ဘ)ဦးသန်းစိန်(၉/မလန(နိုင်)၀၈၃၂၆၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၁၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းခမ်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးအောင်ကြည်(ဘ)ဦးမြဖေ(၉/မနမ(နိုင်)၀၁၃၄၉၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်နံပါတ်(၁၀၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (၃၀×၄၅)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်နွဲ့နွဲ့ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းထွန်းလွင်(ဘ)ဦးသောင်းထွန်း(၉/ခအဇ(နိုင်)၀၀၀၁၅၁)[၎င်း၏ကိုယ်စား ဦးအောင်ပြည့်ဖြိုး(ဘ)ဦးခင်မောင်(၉/ခမစ(နိုင်)၀၃၃၃၅၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၉၂)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးအေးကို အမည်ဖြင့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းဌေး(ဘ)ဦးဌေးလွင်(ခ)ဦးတင်လုံး(၉/မရတ(နိုင်)၀၃၆၉၆၇)(၎င်း၏ကိုယ်စား ဦးကျော်မင်း(ဘ)ဦးသောင်းရွှေ(၉/မရတ(နိုင်)၀၃၆၇၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင်(LL.M)** **ဦးဖြိုးသာဇန် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးမောင်ဝင်း(ခ)ဦးမောင်မောင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနေလင်းထွန်း(ဘ)ဦးအေးဝင်း(၈/ခမန(နိုင်)၁၆၂၅၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ခင်ညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဟန်စိမ်းရှမ်း(ဘ)ဦးဟန်လင်ယော် (၁၃/ကခန(နိုင်)၀၁၈၁၉၂)ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင်(LL.M)** **ဦးဖြိုးသာဇန် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၆-ခ)မြေကွက်ပေါ်တွင် ဒေါ်စန်းတင်နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၈၆၄၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

မကျန်စင်းမေ(ဘ)ဦးကျင်းလောက်ဝူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လကန(နိုင်)၀၂၅၂၂၁)ကိုင်ဆောင်သူ၏ Passport No အမှတ် MJ 899206 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မကျန်စင်းမေ**
**၀၉-၆၇၇၃၆၄၆၉၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးသာဝင်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခိုင်မင်းထွန်း(ဘ)ဦးတင်ထွန်း(၁၃/နဆန(နိုင်)၀၃၁၉၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့်(LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင်(LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမှိုမှိုထွန်း(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## ပုသိမ်မြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ ၃၅(ဘီ)လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ အကွက်အမှတ်(၆၄၄)၊ ဦးပိုင်အမှတ်(၃၃-၁)၊ ဧရိယာ(၀ ဒသမ ၀၂၃၀)ဧက အကျယ်အဝန်းရှိသော ဒေါ်အမလေး၊ ဒေါ်ဝင်းမေ၊ ဦးမောင်မောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ R.C (၄)ထပ်တိုက်အဆောက်အဦ၏ အနောက်ဘက်ခြမ်းမြေညီထပ်၊ အခန်းအမှတ်(B)၊ ဧရိယာ(၁၃ ပေ × ၄၃ ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေမီးအပြည့်အစုံအပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၀-၃-၂၀၂၄)ရက်စွဲပါ 'မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေး၊ အခန်းယူကတိစာချုပ်'အရ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမင်းထွန်း(ဘ)ဦးမောင်မောင်မြင့်(၉/အမဇ(နိုင်)၀၃၃၁၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## 'မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၈လမ်း၊ ၆၆(B)လမ်းထောင့်၊ မြို့သစ်(၂)၊ အကွက်အမှတ်(စ–၅)၊ ဦးပိုင်(၃)၊ အိမ်ဝိုင်းမြေကွက်နှင့်ပတ်သက်၍ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၈၄လမ်းနှင့် ၈၅လမ်းကြားနေ ဦးထွန်းထွန်းဝင်း(ဘ) ဦးမြင့်ရွှေ(၉/ခမစ(နိုင်)၀၁၃၄၅၈)နှင့် အများသိစေရန် ကြေညာခြင်း'

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၈လမ်း၊ ၆၆(B)လမ်းထောင့်၊ မြို့သစ်(၂)၊ အကွက်အမှတ်(စ-၅)၊ ဦးပိုင်(၃)၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိသော အိမ်ဝိုင်းမြေကွက်သည် မန္တလေးဈေးချိုအနီးဆိုင်းတန်းရပ်ကွက်ကြီး မီးလောင်ပြီးနောက်ပိုင်းတွင် မီးလောင်မြေချထားရေးအဖွဲ့ဖြစ်သော မန္တလေးအရှေ့တောင်မြို့နယ်၊ မြို့ကွက်သစ်နေရာချထားရေးအဖွဲ့မှ ၁၉၈၃ ခုနှစ်တွင် ဒေါ်ဟုန် (စလစ်)အမည်ပေါက် ချထားပေးသော ပိုင်းမြေကွက်ဖြစ်ပါသည်။ အဆိုပါပိုင်းမြေကွက်ကို ၁၉၈၃ ခုနှစ်မှစ၍ စလစ်အမည်ပေါက်သူ ဒေါ်ဟုန်နှင့်တကွ အမွေဆိုင် သားသမီးမြေးမြစ်တို့သည် အနှောင့်အယှက်၊ အဟန့်အတားကင်းရှင်းစွာဖြင့် ခြံစည်းရိုးကာရံ၍ (၁၅ ပေ × ၁၅ ပေ) ပတ်လည် အဆောက်အဦတစ်လုံး၊ ပေ(၂၀ × ၂၀) ပတ်လည် အဆောက်အဦတစ်လုံး၊ (၇ ပေ × ၅ ပေ) အဖီတဲ(ဈေးဆိုင်ခန်း) အဆောက်အဦတစ်လုံးတို့ကို ဆောက်လုပ်၍ အိမ်ထောင်စုဇယားပေါက်ဖြင့် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လာခဲ့ကြသည်မှာ ယနေ့အချိန်အထိ နှစ်ပေါင်း(၄၀)ကျော် ရှိပြီဖြစ်ပါသည်။ ထိုကဲ့သို့ နှစ်ပေါင်း(၄၀)ကျော် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လာခဲ့ကြသော ကာလအတွင်းတွင် စလစ်အမည်ပေါက်သူ ဒေါ်ဟုန်နှင့်တကွ အမွေဆိုင်သားသမီးမြေးမြစ်တို့သည် ဒေါ်စိန်ရွှေ ဆိုသူထံသို့လည်းကောင်း၊ ဦးရှင် ဆိုသူထံသို့လည်းကောင်း၊ ဦးထွန်းထွန်းဝင်း ဆိုသူထံသို့လည်းကောင်း၊ အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ကိုယ်စားလှယ်ပါဝါလွှဲအပ်ခြင်း စသည့် မည်သည့်ကိစ္စရပ် တစ်စုံတစ်ရာကိုမျှ ပြုလုပ်ခဲ့ခြင်းမျိုး (လုံးဝ)မရှိခဲ့ပါ။ အဆိုပါ အိမ်ဝိုင်းမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားများနှင့် (စလစ်)ပြေစာမူရင်းများမှာ စလစ်အမည်ပေါက်ပိုင်ရှင် ဒေါ်ဟုန်၏ အမွေဆိုင်သားသမီးမြေးမြစ်များ လက်ဝယ်တွင် ယနေ့အချိန်ထိတိုင် ရှိနေပါသည်။

ထိုသို့သောအခြေအနေတွင် (၁၂-၁၀-၂၀၂၅)ရက်၊ မွန်းလွဲ ၂ နာရီခွဲမှစ၍ အောင်နန်းရိပ်သာအနောက်ရပ်ကွက်တွင် နေထိုင်သူ ဦးထွန်းထွန်းဝင်း(ဘ)ဦးမြင့်ရွှေ အငြိမ်းစားသည် လူစုလူဝေးဖြင့် ရောက်ရှိလာပြီး ကျွန်ုပ်၏မိတ်ဆွေများ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသော ခြံစည်းရိုးများနှင့် (၁၅ ပေ × ၁၅ ပေ) အဆောက်အဦတစ်လုံး၊ ပေ(၂၀ × ၂၀) အဆောက်အဦများကို ဖြိုချဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ အုတ်တံတိုင်းကာရံခြင်း၊ (၁၅ ပေ × ၁၅ ပေ) ပတ်လည်ခန့် အဆောက်အဦ(အသစ်) ဆောက်လုပ်ခြင်း၊ အသက်(၇၀) ကျော် အဘိုးအိုအား ရိုင်းပြစွာ ပြုခြင်း ကျူးကျော်ဝင်ရောက် ဖျက်ဆီးခဲ့သည့်အတွက် အမွေဆိုင်သားသမီးမြေးမြစ်တို့မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများသို့ အသနားခံစာပေးပို့ တိုင်ကြားခဲ့ရာ အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ်(၃) မြေကွက်ပေါ်တွင် ခြံစည်းရိုးကာရံခြင်း၊ မြေတူးခြင်း၊ အဆောက်အဦဆောက်ခြင်းများကို ရပ်ဆိုင်းထားရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ တားမြစ်မိန့်ထုတ်ခဲ့ပါသည်။ ဦးထွန်းထွန်းဝင်း ကိုယ်တိုင်မှလည်း ချမ်းမြသာစည်မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ရှေ့မှောက်တွင် (၁၄-၁၀-၂၀၂၅)ရက်၊ ညနေ ၄ နာရီတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ တားမြစ်မှုအား သိရှိလိုက်နာဆောင်ရွက်ပါမည်ဟူ၍ ခံဝန်ကတိထိုးထားခဲ့သော်လည်း ခွင့်ပြုချက်မရှိဘဲ အုတ်တံတိုင်းကာရံခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်း၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိသော ဒေါ်ဟုန် စလစ်အမည်ပေါက် ပိုင်းမြေကွက်၏ အရှေ့ဘက်ခြမ်း အစိတ်အပိုင်းဖြစ်သော ပေ (၄၀ × ၃၀) အကျယ်အဝန်းရှိ မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက် ညအိပ်နေထိုင်ခြင်းများကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ထို့အတွက် ဒေါ်ဟုန်၏ အမွေဆိုင်သားသမီးမြေးမြစ်တို့မှ သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ (ပူးတွဲ)၍ အသနားခံတင်ပြ တိုင်ကြားခဲ့ပါကြောင်းကို ကျွန်ုပ်၏မိတ်ဆွေများပြောပြ၍ သိရှိရပါသည်။

ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေများသည် အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ်(၃)၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ပိုင်းမြေကွက်၏ အနောက်ဘက်ခြမ်းဖြစ်သော ပေ(၄၀ × ၃၀) မြေအစိတ်အပိုင်းပေါ်တွင် ၁၉၈၃ ခုနှစ်မှစ၍ ယနေ့အချိန်အထိ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ (၁၂-၁၀-၂၀၂၅)ရက်၊ မွန်းလွဲ ၂ နာရီခွဲမှစ၍ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေ ဦးထွန်းထွန်းဝင်းနှင့် အပေါင်းအပါလူတစ်စုတို့၏ ကျူးကျော်ဖျက်ဆီးခြင်းတို့နှင့်ပတ်သက်၍ ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ ရာဇဝတ်ဆိုင်ရာအမှုကြီး အမှတ် (၁၃၆/၂၀၂၆)တွင် ဦးထွန်းထွန်းဝင်းနှင့်တကွ အောင်ဇင်မင်း၊ တေဇာတို့ကို ရာဇဝတ်ဆိုင်ရာဥပဒေပုဒ်မများဖြင့် အမှုဖွင့်တရားစွဲဆိုထားပြီးလည်း ဖြစ်ပါသည်။ ဒေါ်ဟုန် အမည်ပေါက် (စလစ်)မြေကွက် နှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် (၃၁-၁၀-၂၀၂၅)ရက်ကတည်းက ဥပဒေနှင့်အညီ အချိန်မီ တရားဝင်ကန့်ကွက်တင်ပြတိုင်ကြားခဲ့သော်လည်း ဦးထွန်းထွန်းဝင်းအနေဖြင့် မိတ္တူစာရွက်များဖြင့် စည်ပင်သာယာဥပဒေ၊ စာချုပ်စာတမ်းဥပဒေများကို မျက်ကွယ်ပြု၍ မမှန်ကန်သောနည်းလမ်းများဖြင့် ဥပဒေမဲ့ တင်ပြလျှောက်ထားရန် ပြုလုပ်ဆောင်ရွက်နေကြောင်းကို စုံစမ်းသိရှိခဲ့ရကြောင်း ကျွန်ုပ်အမှုသည်များမှ ပြောပြ၍ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ်(၃)၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိသော ဒေါ်ဟုန်(စလစ်)အမည်ပေါက် ပိုင်းမြေကွက်နှင့်ပတ်သက်၍ ဦးထွန်းထွန်းဝင်း(ဘ)ဦးမြင့်ရွှေ(အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေထိုင်သူ)မှသော်လည်းကောင်း၊ အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားခြင်း၊ မြေအမည်ပြောင်းလျှောက်ထားခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်းများကို (လုံးဝ)လက်မခံ၊ ခွင့်မပြုပါကြောင်းနှင့် (အထူး)ကန့်ကွက်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ (စလစ်)အမည်ပေါက်သူ ဒေါ်ဟုန်၏ အမွေဆိုင် သားသမီး၊ မြေးများ၏ အကျိုးကို ဆန့်ကျင်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ကို ထိပါးလာသူ မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမဆို ဥပဒေနှင့်အညီ တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း လိုအပ်သလို အမှုဖွင့်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ဦးထွန်းထွန်းဝင်း(ဘ)ဦးမြင့်ရွှေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**၁။ ဦးရွှေမန်း(၇၂)နှစ်**
**၂။ ဒေါ်သီတာညွှန့်**
**၃။ ဒေါ်မာလာမိုး**
**၄။ ဒေါ်ထွေးထွေးအောင်**
**(ဒေါ်ဟုန်၏ အမွေဆိုင်သားသမီးများ)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကိုကိုမောင် (LL.B, D.B.L, D.L; 101 (I,P) Law Switzerland)**
**ဒေါ်ဆွေဆွေအောင် (LL.B)၊ ဒေါ်ဆွေနွယ်ထွန်း (LL.B)**
**ဒေါ်ဇင်မာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဦးရဲရင့်ဘုန်းကျော် (LL.B) (အလုပ်သင်ရှေ့နေ)**
**အကွက်(၈၃၅)၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်။ ဖုန်း ၀၉–၂၀၂၆၃၄၄၊ ၀၉–၇၈၂၀၂၆၃၄၄**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေး၊ ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များ ဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက

စာမျက်နှာ ၁၀ သို့ ❂




## မြန်မာကလပ်ရောဝတီအက်ဖ်စီအသင်း မြောက်ကိုရီးယားကလပ် Naegohyang FC နှင့် ယှဉ်ပြိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၃**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ဦးစီးကျင်းပသည့် AFC Women's Champions League 2026/2027 ပြိုင်ပွဲ၏ အုပ်စုမဲခွဲပွဲကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ AFC House ၌ ကျင်းပခဲ့သည်။

အဆိုပါ မဲခွဲပွဲရလဒ်အရ မြန်မာကိုယ်စားပြု ရောဝတီအက်ဖ်စီ အမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ် Naegohyang FC ပါဝင်သည့် အုပ်စု(A)၌ ကျရောက်ခဲ့ပြီး၊ အဆိုပါ အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲတွင် အာရှဒေသတွင်းမှ ထိပ်သီး ၁၂ သင်း ပါဝင်ပြီး အုပ်စု သုံးစု ခွဲခြားကာ ကျင်းပမည်ဖြစ်သည်။ မြန်မာကိုယ်စားပြုရောဝတီအက်ဖ်စီ ပါဝင်သည့် အုပ်စု(A)တွင် လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ် Naegohyang Women's FC၊ ဂျပန်ထိပ်သီးကလပ် INAC Kobe Leonessa၊ အီရန်ကလပ် Bam Khatoon FC နှင့် အိမ်ရှင်မြန်မာကလပ် ရောဝတီအက်ဖ်စီတို့ ပါဝင်နေသဖြင့် ပွဲစဉ်များ အပြိုင်အဆိုင် ပြင်းထန်မည်ဖြစ်သည်။

အုပ်စုအဆင့် ပွဲစဉ်များကို လာမည့် နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး နှစ်သင်းနှင့် အကောင်းဆုံး တတိယရရှိသည့် နှစ်သင်း (စုစုပေါင်း ရှစ်သင်း) နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ နောက်တစ်ဆင့်အတွက် မဲခွဲပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။


ကွာတားဖိုင်နယ် ပွဲစဉ်များကို လာမည့် မတ်လအတွင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲစဉ်များကိုမူ လာမည့် မေလအတွင်း ကျင်းပသွားမည်ဖြစ်သည်။ **(NGB)**



## မြန်မာအသင်း ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု(K)ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏ ကွင်း၌ မြန်မာအသင်းနှင့် ဘရူနိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။



ယခုပွဲစဉ်တွင် မြန်မာအသင်း အနေဖြင့် ပွဲချိန်ပြည့်နီးပါး ဘရူနိုင်းအသင်းဘက်သို့ တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုးခုနစ်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် အောင်သီဟ၊ ပွဲချိန် ၃၇မိနစ်တွင် သူရမင်းသန့်၊ ပွဲချိန် ၇၂မိနစ်တွင် မိုဟာမက် အာဇယီ (OG)၊ ပွဲချိန် ၇၄မိနစ်နှင့် ၈၃ မိနစ်တွင် သော်ဇင်ကို၊ ပွဲချိန် ၈၁ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၈၂ မိနစ်တွင် ကျော်ညီညီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲကစားအပြီး နှစ်ပွဲလုံး ဂိုးပြတ်အနိုင်ရယူထားရာ အုပ်စု (K)၏ အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ဦးဆောင်နိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မော်လ်ဒိုက်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး MRTV HD Channel၊ MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**